ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ (27-10-2010) (၆၅၆၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လပွတ္တာမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီး၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီးအပါအဝင် မိမိတို့နိုင်ငံတွင် မြေလွတ်မြေရိုင်းများစွာ ကျန်ရှိနေ စပါးအထွက်နှုန်းအနေဖြင့် ယခုထွက်နေသည့်နှုန်းထက် ပိုမိုထွက်အောင် ဆောင်ရွက်ပါက ဝင်ငွေ(နှစ်ဆ၊ သုံးဆ)တိုးတက်လာနိုင်သည့် အခြေခံကောင်းများ မိမိတို့ထံတွင် ရှိနေသေး မိမိတို့ပတ်ဝန်းကျင်ရှိ ရေကောင်း၊ မြေကောင်း၊ အခြေခံကောင်းများကို မိမိတို့ကြိုးစားအားထုတ်မှုနှင့် ပေါင်းစပ်ပေး

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ပြင်စလူနှင့် ပုသိမ်မြို့နယ်တို့၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် နံနက် ၉နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့မှ

စာမျက်နှာ ၄ ကော်လံ ၁ သို့❖

ပြည်သူ့ဆေးရုံသစ်ကြီး

လပွတ္တာမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror

၂၇-၁၀-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

အသိတရားဖြင့် ရှုမြင်၍ ကိုယ်တိုင်မဲပေးရွေးချယ်

ပြည်သူအများ မျှော်လင့်နေကြသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပရန် တစ်စတစ်စ နီးကပ်လာနေပြီ။

ခေတ်စနစ် အပြောင်းအလဲတစ်ခုအတွက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို စတင်လျှောက်လှမ်းကြခြင်းဖြစ်သည်။ ပြည်သူများ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သည့် အခွင့်အရေးဖြစ်ရာ နိုင်ငံနှင့် ပြည်သူ့အကျိုး အမှန်တကယ် ဆောင်ရွက်ပေးနိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ကိုယ်တိုင်မဲပေး ရွေးချယ်ကြရပေတော့မည်။

ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများက မူဝါဒသဘောထား ကြေညာစာတမ်းများကို နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် ဟောပြောတင်ပြခဲ့ကြပြီ။ အချို့ပါတီကိုယ်စားလှယ်များ မြို့နယ်များသို့ ကိုယ်တိုင်ကွင်းဆင်း ဟောပြောစည်းရုံးနေကြပြီ။ တရားဥပဒေနှင့်အညီ ဒီမိုကရေစီ နည်းလမ်းကျကျ စည်းရုံးလှုပ်ရှားနိုင်ခွင့် ရရှိနေကြခြင်းဖြစ်သည်။

နိုင်ငံရေးပါတီအများစုသည် ညီညွတ်မှုတသည့် အတွေးအမြင်၊ အယူဝါဒများ ရှိကြသည်။ သက်ဆိုင်ရာပါတီ၏ လူထုလူတန်းစားအလွှာ အသီးသီး အပေါ် ထားရှိသည့် သဘောထားအမြင်များ ထင်ဟပ်နေသည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ဒီမိုကရေစီနိုင်ငံသစ် ပေါ်ထွန်းလာရေး ရည်မှန်းထားရှိသည်ကိုလည်း တွေ့ရသည်။

ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် ပါတီအများအပြားမှ ကိုယ်စားလှယ်များအား အတွေးအမြင် ရှင်းရှင်းဖြင့် မှန်မှန်ကန်ကန် သုံးသပ်မဲပေးကြရုံသာရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူသည့် ဥပဒေပြုလွှတ်တော် သုံးရပ်အတွက် ပါဝင်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်းများထဲမှ မိမိတို့ ကြိုက်နှစ်သက်သူကို ရွေးချယ် မဲပေးတင်မြှောက်ရမည် ဖြစ်သည်။

နိုင်ငံ၏အရေးကိစ္စများကို ဥပဒေအဖြစ် ဆုံးဖြတ်အတည်ပြုဆောင်ရွက်စေသည့်အတွက် ဥပဒေပြုလွှတ်တော်ဖြစ်သည်။ ဥပဒေပြုသည့်အခါ ပြည်ထောင်စုအဆင့်မှသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသအဆင့်အထိ လုပ်ပိုင်ခွင့်များ ပေးအပ်ထားသည်။ မိမိနယ်မြေ မိမိဒေသက ကိုယ်တိုင်ရွေးချယ်ပေးလိုက်သည့် ကိုယ်စားလှယ်များဖြင့် မိမိတို့ဒေသအရေး ဆောင်ရွက်နိုင်ကြတော့မည် ဖြစ်သည်။

လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရေး အဘက်ဘက်က စနစ်တကျစီစဉ်ပေးထားပြီ။ ဒီမိုကရေစီနိုင်ငံ ဖြစ်ထွန်းလာရေး ဆန္ဒမဲပေး ရွေးချယ်နိုင်သည့် အခွင့်အလမ်းရရှိနေကြပြီ။ မဲဆန္ဒရှင် ပြည်သူတိုင်းက ဒေသအကျိုး၊ ပြည်သူ့အကျိုး ဆောင်ရွက်နိုင်မည့် ကိုယ်စားလှယ်လောင်းများကို အသိတရားဖြင့် ရှုမြင်ဆင်ခြင်သုံးသပ်၍ ကိုယ်တိုင်မဲပေး ရွေးချယ်ကြခြင်းဖြင့် အမျိုးသားရေးတာဝန် ကျေပွန်စွာ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမှာစကားပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး နေပြည်တော်ခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မဲရုံမှူးများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ နေပြည်တော်ခရိုင်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ မှာကြား

နေပြည်တော် အောက်တိုဘာ ၂၆

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် နေပြည်တော်ခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် မဲရုံမှူးများ တွေ့ဆုံပွဲကို အောက်တိုဘာ ၂၅ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းခန်းမ၌ ကျင်းပရာ အင်အား ၁၁၀၀ ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော်ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဒေါက်တာအောင်သန်းက နေပြည်တော်ခရိုင်အတွင်း ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုတင်ပြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အဖွဲ့ဝင် ဦးမြင့်နိုင်နှင့်အတူ နေပြည်တော်ခရိုင်အတွင်းရှိ မဲရုံအချို့တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "လောကအကြောင်းသိမှ နိဗ္ဗာန်ရ" တရားတော် (ဘဒ္ဒန္တခေမာစာရ အောင်ခေမာဆရာတော်)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၆)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၃)**
- ၈း၅၀ သီဂီရွှေဝါဆိုသည်မှာ--
- ၉း၁၀ Activities In The City (အိအိချွန်၏ "ဦးလေးကြီး" သီချင်းမိတ်ဆက်ပွဲ)
- ၉း၂၅ အားကစားမြင်ကွင်းစုံ
- ၉း၅၀ "ပုစ္ဆာတိုင်းမှာ--အဖြေရှိတယ်" (ဗီဒီယိုဇာတ်ကားနှင့် မိတ်ဆက်ခြင်း)
- ၁၀း၁၀ အသည်းရောဂါများအကြောင်း
- ၁၀း၃၅ ဓာတ်ပုံထဲမှ အမှတ်တရများ (ဝါဆိုမိုးဦး)
- ၁၁း၀၅ သင်ယူလေ့လာဂီတပညာ (Audio Enginneering Module 01)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၁၃)
- ၁၂း၀၅ Activities In The City (ဒေါက်တာဂီတလုလင်မောင်ကိုကို ပညာသင်ဆုဒုတိယအကြိမ် ငွေပဒေသာပင်စိုက်ထူလှူဒါန်းခြင်း)
- ၁၂း၁၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲများ (မျိုးရိုးထဲက ဆိုးပေကြီးဗလ(သို့) အကယ်ဒမီသုမောင်သို့--) (အပိုင်း-၂)
- ၁း၀၀ "လောကအကြောင်းသိမှ နိဗ္ဗာန်ရ" တရားတော် (ဘဒ္ဒန္တခေမာစာရ အောင်ခေမာဆရာတော်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (အိမ်ကပ်တာကောင်းတယ်၊ အိမ်မကပ်တာကောင်းတယ်
- ၃း၁၀ Activities In The City (မင်းထက်မောင်မောင်၏ "မြင်းမိုရ်မေမေ" VCD KARAOKE မိတ်ဆက်ပွဲအခမ်းအနား)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၆)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၃)**
- ၅း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား" (အပိုင်း-၁၃)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သင်ကြားရေးလမ်းညွှန် (Imperial Merit)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၅၇)**
- ၇း၂၀ Cartoon Show Time (Pimker Bell And The Great Fairy Rescue)
- ၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် -ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
- ၈း၃၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (တက္ကသိုလ်အေးမောင်)
- ၉း၀၀ Celebrity Style (မြသဥ္ဇာလီ)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၂၄)**
- ၁၀း၂၀ ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Jue Jue မင်္ဂလာဖိတ်စာနှင့် လက်ဆောင်ကမ်းပစ္စည်း)
- ၁၀း၄၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ဂွတ်ရှယ်သမက်"
- ၁၁း၁၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲများ (မျိုးရိုးထဲက ဆိုးပေကြီးဗလ(သို့) အကယ်ဒမီသုမောင်သို့--) (အပိုင်း-၂)
- ၁၁း၅၀ Industrial Talk
- ၁၂း၂၀ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (NAING GROUP ၏ အဆင့်မြင့်အိမ်ရာများ)
- ၁၂း၅၀ ပျော်ရွှင်ကျန်းမာသန့်စင်သော အစာ (ဆုပန်ထွာ၊ ပွင့်၊ ဟဲဗီးဖြိုး) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၁၂း၅၅ သတင်းပေးလို့ဖော် တောင်ငူပဲကြော်ပဲလှော်
- ၁း၀၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Pwint Oo Modern Furniture)
- ၁း၁၅ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၁း၃၀ World of Knowledge (Seconds From Disaster Alpine Tsunami)
- ၂း၂၀ သတ္တုတူးသောရွာကလေး
- ၂း၃၀ Lets Dancr (The Uranium Dance Studio)
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ Made in a Delicious Way (ဂျပန်နိုင်ငံ၏ ရိုးရာအစားအစာ ပြုလုပ်နည်း)
- ၄း၂၅ ပုခန်းကြီးရှေးဟောင်း ကျောင်းတော်ကြီး
- ၄း၃၅ ဗန်းမော်မြို့မှ လှိုက်လှဲစွာ ကြိုဆိုပါ၏
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့ နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော်ဟောကြားတော်မူသော ဉပ္ပါတသန္တိပါဠိတော်
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး- မောင်မောင်လတ်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈း၁၀ ၇။ အဆိုပြိုင်ပွဲ
- ၈း၁၅ ၈။ "မြန်မာတို့၏အကြင်နာမေတ္တာ ပြသမှုအောင်ပွဲ"
- ၈း၂၀ ၉။ သီချင်းကြီးပဒေသာ
- ၈း၂၅ ၁၀။ "လှေကားသုံးထစ်ဆင်းတဲ့အခါ"
- ၈း၃၅ ၁၁။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၄၀ ၁၂။ International News
- ၈း၄၅ ၁၃။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၄။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၃၀ ၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (မနောမြေအသင်းနှင့် နေပြည်တော်အသင်း)
- ၅း၀၀ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၅ ၃။ ရှုဖွယ်စုံလင်အာဆီယံ အစီအစဉ်
- ၅း၂၅ ၄။ International Science News
- ၅း၃၀ ၅။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆း၀၀ ၆။ ညနေခင်းသတင်း
- ၆း၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၈။ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
- ၆း၃၅ ၉။ ရွှေရင်ခုန်သံ
- ၇း၀၅ ၁၀။ ရသပေါ်လွင်သရုပ်ဆောင်လွင်ပြင်
- ၇း၄၀ ၁၁။ ဘယ်လို မဲပေးကြမှာလဲ (မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးဝင်များ)
- ၈း၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ် (ဒုတိယအကြိမ်)
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၄)**
- ၁၇။ **မြန်မာဗီဒီယိုဇာတ်လမ်း "ညခင်းရဲ့လမင်း" (ခန့်စည်သူ၊ နန္ဒာလှိုင်) (ဒါရိုက်တာ-ဇော်မြင့်ဦး)**
- ၁၈။ အစီအစဉ်ပြီး၏။

မဲပေးရာတွင် လိုက်နာဆောင်ရွက်သင့်သော အချက်များ

၁။ အချိန်မီ မြန်ဆန်စွာ မဲပေးနိုင်ရေး ကိုယ်စီ မိမိ၏ မဲစာရင်းအမှတ်ကို ကြိုတင်သိရှိထားနိုင်အောင် ဆောင်ရွက်ပါ။

၂။ မဲပေးရာတွင် မိမိ၏ မဲစာရင်းအမှတ်ကို မဲစာရင်းစစ်ဆေးသူထံ ပြောပြနိုင်ခြင်းအားဖြင့် ပိုမိုလျင်မြန်စေနိုင်သည်။

၃။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိဆန္ဒပြု မဲပေးလိုသော ကိုယ်စားလှယ်နှင့် တံဆိပ်သင်္ကေတဘေးရှိ လေးထောင့်ကွက်အတွင်း၌ အမှန်ခြစ် ခြစ်ပါ။

၄။ မိမိ၏ မဲလက်မှတ်ပေါ်တွင် မိမိခြစ်လိုသော အမှန်ခြစ်မှအပ အခြားရေးသားမှု တစ်စုံတစ်ရာ မပြုလုပ်ရပါ။

၅။ မိမိ၏ မဲလက်မှတ်ပေါ်တွင် ဆန္ဒပြုရာတွင် အမှန်(သို့မဟုတ်) အမှားဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသော သင်္ကေတမျိုးအား မရေးခြစ်ရပါ။

၆။ မဲလက်မှတ်ကို မစုတ်ပြဲစေရပါ။

၇။ ထိုသို့ ဆန္ဒပြုပြီးသော မဲလက်မှတ်အား ခေါက်ချိုးချိုး၍ သက်ဆိုင်ရာမဲပုံးတွင် ထည့်ပါ။

မဲပေးရာတွင် 'ပယ်မဲ' မဖြစ်စေရေး သတိပြုရန် အချက်များ

သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၆၆(ဂ)တွင် အောက်ပါဆန္ဒမဲ လက်မှတ်မျိုးကို ပယ်ရမည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်-

(၁) ကော်မရှင်က အတည်ပြုထားသော အမှတ်အသားမပါသည့် ဆန္ဒမဲလက်မှတ်၊
(၂) မဲရုံမှူးလက်မှတ်မပါသည့် ဆန္ဒမဲလက်မှတ်၊
(၃) လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးထက်ပို၍ ဆန္ဒပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၄) ဆန္ဒပြုထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်၊
(၅) ဆန္ဒပြုထားခြင်းမှာ မသေချာ မထင်ရှားသော ဆန္ဒမဲလက်မှတ်၊
(၆) ဆန္ဒမဲလက်မှတ် အတုဖြစ်သည်ဟု မဲရုံမှူးက ဆုံးဖြတ်သည့် ဆန္ဒမဲလက်မှတ်၊
(၇) ဆန္ဒမဲပေးသူကို သိရှိနိုင်အောင် အမှတ်အသားပြုထားသည့် ဆန္ဒမဲလက်မှတ်၊
(၈) ဆုတ်ဖြဲထားသည့် ဆန္ဒမဲလက်မှတ်။

ပယ်မဲဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများ ရှင်းလင်းလွယ်ကူစွာ နားလည်သဘောပေါက်စေရန် ရှင်းလင်းရလျှင်-

(၁) မဲဆန္ဒရှင်သည် ဆန္ဒမဲလက်မှတ်ပေါ်ရှိ မိမိဆန္ဒပြုလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးတည်း၏ အမည်နှင့် သင်္ကေတအမှတ်အသားတည့်တည့်တွင်ရှိသော လေးထောင့်ကွက်အတွင်း၌သာ အမှန်(✔) အမှတ်အသားကို ရေးခြစ်၍ ဆန္ဒပြုရမည်။

(၂) လွှတ်တော်ကိုယ်စားလှယ်တစ်ဦးထက်ပို၍ ယင်းတို့၏ အမည်၊ သင်္ကေတတို့ဘေးရှိ လေးထောင့်ကွက်များတွင် အမှန်(✔) အမှတ်အသားများကိုဖြစ်စေ၊ အမှား(✘) အမှတ်အသားများကိုဖြစ်စေ ရေးခြစ်ထားပါက **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၃) လုံးဝဆန္ဒပြုထားခြင်းမရှိလျှင်လည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၄) ဆန္ဒပြုရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်သော်လည်း အမှန်(✔) သို့မဟုတ် အမှား(✘)ဟု ခွဲခြားဆုံးဖြတ်နိုင်ခြင်းမရှိသည့် ဆန္ဒမဲလက်မှတ်ကိုလည်း **"ပယ်မဲ"** အဖြစ် သတ်မှတ်မည်။

(၅) သို့ရာတွင် လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးတည်းကိုသာ ဆန္ဒပြုထားခြင်းဖြစ်ပြီး မဲဆန္ဒရှင် ရေးခြစ်ထားသည့် အမှန်(✔) အမှတ်အသားမှာ အမှန်ခြစ်(✔) ခြစ်ကြောင်း သိသာထင်ရှားပါက သတ်မှတ်ထားသည့် လေးထောင့်ကွက်အတွင်း ဝင်သည်ဖြစ်စေ၊ ဘောင်ကိုကျော်လွန်၍ ရေးခြစ်သည်ဖြစ်စေ၊ အတည့်ခြစ်သည်ဖြစ်စေ၊ ဘေးတိုက်ခြစ်သည်ဖြစ်စေ၊ အမှန်(✔)အမှတ်အသား၌ အကောက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မဲဆန္ဒရှင်၏ ဆန္ဒအမှန်ဖြစ်သည်ဟု မှတ်ယူပြီး ခိုင်လုံသည့် ဆန္ဒမဲအဖြစ် သတ်မှတ်နိုင်သည်။

ဆန္ဒမဲခိုင်လုံသည်၊ မခိုင်လုံသည်ကို မဲရုံမှူးက ဆုံးဖြတ်မည်ဖြစ်ပြီး မဲရုံမှူးက ပယ်သည့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ ယင်းတို့၏ ရွေးကောက်ပွဲ ကိုယ်စားလှယ်များ၊ မဲရုံကိုယ်စားလှယ်များအား ကြည့်ရှုရန် အခွင့်အရေးပေးမည်၊ ပယ်သည့် အကြောင်းကိုလည်း သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ် တောင်ကြီး အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်

ကလောနှင့် ရပ်စောက်မြို့နယ် ကျန်းမာရေး၊ စိုက်ပျိုးရေးလုပ်ငန်းများ စစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်သည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၂၄ ရက် နံနက်ပိုင်းတွင် ကလော-အောင်ပန်း-တောင်ကြီးလမ်းပိုင်းအခြေအနေများ၊ လမ်းဘေး ဝဲ၊ ယာရှိ ကျွန်းစိုက်ခင်းများ၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ တံတားငယ်များ တည်ဆောက်နေမှုများနှင့် ကလောမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့်အဖွဲ့သည် ကလောပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားကာ ဆေးရုံတက်လူနာများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ပေးအပ်

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွဋ်သည် ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဆန်းဦး လိုက်ပါလျက် အောင်ပန်းတပ်နယ် ဆေးရုံဝင်းအတွင်း အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်အောင်သန်းထွဋ်သည် အောင်ပန်းတပ်နယ် တပ်မတော်ဆေးရုံရှိ ခွဲစိတ်ခန်းကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ အောင်ပန်း-တောင်ကြီး လမ်းပိုင်းအခြေအနေများနှင့် တောင်ကြီးမြို့ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်အောင်သန်းထွဋ်သည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် တောင်ကြီး-ရပ်စောက် လမ်းပိုင်းကို အပိုင်းလိုက် ဆောင်ရွက်ထားရှိမှု၊ လမ်းတစ်လျှောက် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်မှု၊ လမ်းဘေး ဝဲ၊ ယာ မိုးစပါး၊ နှစ်ရှည်ပင်နှင့် သီးနှံပင်များ စိုက်ပျိုးထားရှိမှု၊ ရပ်စောက်မြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှု စစ်ဆေးခဲ့ပြီး ရပ်စောက်မြို့ မြောင်းတော်ခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ခြံမန်နေဂျာက နှစ်ရှည်ပင်နှင့် သီးနှံပင်များ စိုက်ပျိုးရောင်းချမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြ၍ ဗိုလ်ချုပ်အောင်သန်းထွဋ်က လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရပ်စောက်ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဆေးရုံတက် လူနာများအား လိုက်လံနှုတ်ဆက်၍ စားသောက်ဖွယ်ရာများ ပေးအပ်ပြီး ဆေးရုံအတွက် ဆေးဝါးပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ဗထူးတပ်နယ် တပ်မတော်ဆေးရုံသို့ သွားရောက်၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံအတွက် ဆေးဝါးပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။

ယင်းနောက် ဗထူးတပ်နယ် သရက်စိုက်ခင်းကိုလည်းကောင်း၊ တပ်နယ် နွားမွေးမြူရေးခြံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ရွှေညောင်-ရပ်စောက်လမ်း လမ်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တောင်ကြီး အေးသာယာစက်မှုဇုန်ရှိ သံရည်ကျိုစက်ရုံသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်အောင်သန်းထွဋ်က လုပ်ငန်းလိုအပ်ချက်များ မှာကြား၍ သံရည်ကျိုစက်ရုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရွှေနန်းတော်တော့စတားသစ်အချောထည် စက်ရုံအတွင်း ပရိဘောဂနှင့် သစ်အချောထည်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၅ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေး တေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၄၀ ၄။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၄၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၇)**
၅:၅၀ ၁၂။ ဘယ်လိုမဲပေးကြမှာလဲ
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၃၅ ၁၆။ Mail Box
၆:၄၅ ၁၇။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါ သူရဲကောင်းလေးများ (အပိုင်း -၁၅)
၇:၀၀ ၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၂၀)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြား သတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ နိုင်ငံရေးပါတီများ ဟောပြောချက်
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ရယ်ရွှင်စရာ ဟာသပဒေသာ -မျက်ခုံးမွေးပေါ်ကလူများ (အပိုင်း-၂)ဇာတ်သိမ်း (မိုးခန့်၊ အရိုင်း၊ သာဓု၊ ရေချမ်း၊ မိုးပွင့်၊ မိုးဖြူ၊ ချမ်းမိမိကို၊ နှင်းယှဉ်မြင့်မိုရ်၊ ယုဇန) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
၂၅။ Internet Website ကဏ္ဍ
၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၂၀)**
၂၈။ သင့်အတွက်မနက်ဖြန်
၂၉။ အပိတ်နှုတ်ဆက်စကား
၃၀။ ပြီးပါပြီ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လမြိုင်ကျွန်းမြို့ရှိ တည်ဆောက်ဆဲ ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

❖ ရွှေ့ဖုံးမှ

ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာရာ ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်းရှိ မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့သည် မော်လမြိုင်ကျွန်းမြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်စည်ပင်သာယာမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့ တည်ဆောက်ဆဲ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်သို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးသန့်နှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ခုတင်(၁၀၀)ဆံ့ မော်လမြိုင်ကျွန်းမြို့နယ် ပြည်သူ့ဆေးရုံကြီး တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ဆက်လက်တည်ဆောက်နေသည့် သားဖွားနှင့် မီးယပ်ကုသဆောင်နှင့် ကလေးရောဂါ ကုသဆောင်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားလမ်းညွှန်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ရာဇူဒိုင်တံတားအမှတ်(၂) နှင့် ရာဇူဒိုင်တံတားအမှတ်(၁) အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုပြီး ရာဇူဒိုင်တံတားအမှတ်(၁) စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

စီမံကိန်းရှင်းလင်းဆောင်၌ ဗိုလ်ချုပ်မှူးကြီးအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းညွန့်က မော်လမြိုင်ကျွန်းမြို့နယ်အတွင်း နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအား ပြန်လည် ထူထောင်ဆောင်ရွက်ပေးခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် မော်လမြိုင်ကျွန်းမြို့သို့ ကိုယ်တိုင်လာရောက်ခဲ့ပြီး မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေး၍ မူလထက် ပိုမိုပြည့်စုံကောင်းမွန်ရေး လမ်းညွှန်မှုများ ပြုခဲ့ပါကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ပြန့်ကျဲနေသည့် ရွာငယ်တဲစုများကို တစုတစည်းတည်း စုစည်း၍ ကြက်လျှာစံပြကျေးရွာ၊ ငွေဇင်ယော်စံပြကျေးရွာ၊ လှိုင်းဘုန်းစံပြကျေးရွာ၊ ခနိချောင်းစံပြကျေးရွာ စသည့် စံပြကျေးရွာကြီးများအဖြစ် ပြန်လည် တည်ဆောက်ပေးခဲ့ပြီး ၎င်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများအတွက် နိုင်ငံတော်က အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း။

မုန်တိုင်းကြောင့် ပျက်စီးသွားသည့် အခြေခံပညာကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ သာသနိက အဆောက်အအုံများအားလုံးကို အသစ်တည်ဆောက်ပြုပြင်ပြီးဖြစ်ပါကြောင်း၊ အဆိုပါ တည်ဆောက်ခဲ့သည့် အချို့သော ကျောင်းများ၊ သာသနိက အဆောက်အအုံများ၌ အသေးစား Cyclone Shelter အဖြစ်ပါ အသုံးပြုနိုင်ရန် မုန်တိုင်းဒဏ်ခံ အဆောက်အအုံများအဖြစ် တည်ဆောက်ပေးခဲ့ပါကြောင်း။

ထို့အပြင် နိုင်ငံတော်အကြီးအကဲက လေဘေးသင့်ဒေသများမှ အမျိုးသမီးငယ်များအား အိမ်တွင်းမှုအတတ်ပညာများကို လေ့ကျင့်သင်ကြားပေးရန်အတွက် လမ်းညွှန်မှာကြားမှုနှင့်အညီ အခြေခံအိမ်တွင်းမှု သင်တန်းများကို တစ်ကြိမ်လျှင် သင်တန်းသူ ၆၀ ဖြင့် သင်တန်းလေးကြိမ် ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး အတတ်ပညာများကို အသက်မွေးဝမ်းကျောင်းပြုနိုင်သည်အထိ တတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့ပြီး တတ်မြောက်သွားသည့် ကျေးလက်လူငယ်များအနေဖြင့် လုပ်ငန်းခွင်သို့ ဝင်ရောက် အလုပ်လုပ်ကိုင်နေကြပြီ ဖြစ်ပါကြောင်း။

မော်လမြိုင်ကျွန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ် တည်ဆောက်ရေးစီမံကိန်းသည်လည်း ရာခိုင်နှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ပါကြောင်း၊ မကြာမီ ဖွင့်လှစ်နိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

မော်လမြိုင်ကျွန်း၏ အနေအထားမှာ ပုံမှန်နေသားတကျအခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အချို့ဒေသများဆိုလျှင် ယခင်ကထက်ပင် ပိုမိုကောင်းမွန်သည့် အခြေအနေအဆင့်သို့ ရောက်ရှိနေသည်ကိုလည်း တွေ့ရကြောင်း။

ရွှေ့ဆက်ကြိုးပမ်း

နိုင်ငံတော်အစိုးရက ပံ့ပိုးကူညီ ဆောင်ရွက်ပေးသည်ဆိုသော်လည်း လိုအပ်ချက်

ပြည်သူများအပိုင်းကလည်း နိုင်ငံတော်၏ ပံ့ပိုးပေးမှုကြောင့် ရရှိလာသည့်အခြေအနေ အဆင့်မှာတင် ရပ်တန့်မနေဘဲ ၍ အခြေခံကောင်းများကို အားပြုပြီး မိမိတို့ ဘဝရွှေ့ရေး စဉ်ဆက်မပြတ် ဆက်လက် ရှင်သန်တိုးတက်နေစေရအောင် ရွှေ့ဆက်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဒေသတွင်းရှိသည့် အခြေခံသယံဇာတ အရင်းအမြစ်များကို အသုံးပြု၍ အလုပ်

သင်ကြားပေးနိုင်ခဲ့၍ လုပ်ငန်းခွင်များတွင် ဝင်ရောက်လုပ်ကိုင်နေကြပြီ ဖြစ်ပါကြောင်း။

ထို့အတူ မြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများမှ လူငယ်များအတွက်ကိုလည်း လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်း သုံးကြိမ် ဖွင့်လှစ်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးက မှာကြားလမ်းညွှန်ရာတွင် ၂၀၀၈ ခုနှစ်က တိုက်ခတ်ခဲ့သည့် နာဂစ်မုန်တိုင်း၏ ကြီးမားသော အဖျက်စွမ်းအားကြောင့် မော်လမြိုင်ကျွန်းမြို့ အပါအဝင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသော်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုဖြင့် တစ်နိုင်ငံလုံး ဝိုင်းဝန်းကူညီပံ့ပိုးမှုများကြောင့် ယနေ့ဆိုလျှင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြင်စလူမြို့ ပြင်စလူကျေးရွာလူ (၅၀၀)ဆံ့ မုန်တိုင်းဒဏ်ခံအဆောက်အအုံ၌ ဖွင့်လှစ်ထားသည့် (၂၅)ခုတင်ဆံ့ ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေသော လူနာများအား ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

အားလုံးကို အပြည့်အဝ ဖြည့်ဆည်းပေးခြင်းမျိုးမဟုတ်ဘဲ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံ

ကို ယခုထက်ဖိဖိစီးစီး ကြိုးစားပြီး မိသားစုဘဝ တင့်တောင့်တင့်တယ်နေနိုင်အောင် ကြိုးစားနေရန် လိုအပ်ကြောင်း၊ ဌာနဆိုင်ရာများအပိုင်းကလည်း ပြည်သူများဘဝ ဆက်လက်တိုးတက်မှုများရရှိနေစေရအောင် စည်းရုံးဆော်ဩ ကူညီပေးသွားရမည်ဖြစ်ကြောင်း။

မြေလွတ်မြေရိုင်းများရှိ

ဧရာဝတီတိုင်းဒေသကြီး အပါအဝင် မိမိတို့နိုင်ငံတွင် မြေလွတ်မြေရိုင်းများစွာ ကျန်ရှိနေသေးကြောင်း၊ စပါးအထွက်နှုန်းအနေဖြင့်လည်း ယခုထွက်နေသည့် နှုန်းထက် ပိုမိုထွက်ရှိအောင် ဆောင်ရွက်ပါက ဝင်ငွေ နှစ်ဆ၊ သုံးဆ တိုးတက်လာနိုင်သည့် အခြေခံကောင်းများ မိမိတို့ထံတွင် ရှိနေသေးကြောင်း၊ အရေးကြီးသည်မှာ မိမိတို့၏ ပတ်ဝန်းကျင်တွင် ဖြစ်ထွန်းတည်ရှိနေသည့် ရေကောင်း၊ မြေကောင်း၊ အခြေခံကောင်းများကို မိမိတို့၏ ကြိုးစားအားထုတ်မှုနှင့် ပေါင်းစပ်ပေးသွားကြရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✱

မော်လမြိုင်ကျွန်းမြို့ရှိ တည်ဆောက်ဆဲ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံကို တွေ့ရစဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုသိမ်ဘူတာ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

* စာမျက်နှာ ၄ မှ

အလားတူ ဤဒေသအတွင်းမှာဆိုလျှင် စိုက်ပျိုးရေးလုပ်ငန်း၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ် ဆောင်ရွက်နိုင်ကြောင်း၊ ရေလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများတွင် ယခုထက် နှစ်ဆ၊ သုံးဆခန့် ပိုမိုအောင်မြင်အောင် လုပ်ကိုင်နိုင်သည့် အလားအလာကောင်းများလည်း ရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့၏ ကြိုးစားအားထုတ်မှု၊ တီထွင်ကြံဆမှုတို့ဖြင့် ပေါင်းစပ် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဥပမာအနေဖြင့်ပြောရလျှင် ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆားလုပ်ငန်းများရှိကြောင်း၊ မိမိတို့က ဆားကို စားသုံးရန် တစ်ခုတည်းကိုသာ အသုံးပြုထုတ်လုပ်နေကြောင်း၊ ဆားမှ စားသုံးရန်အပြင် ဓာတုပစ္စည်းများဖြစ်သော ကော့စတစ်ဆိုဒါ၊ ယင်းမှ အခြားဓာတုပစ္စည်းများဖြင့် ပေါင်းစပ်၍ Plastic စသည်တို့ကို အဆင့်ဆင့်ထုတ်လုပ်နိုင်ကြောင်း၊ ဆက်လက်ပြီးလည်း အခြားသော ဓာတုပစ္စည်း အများအပြားထုတ်လုပ်နိုင်သည့် ကုန်ထုတ် Industry များ ဆက်လက်ထူထောင်လုပ်ကိုင်နိုင်ပါက ဒေသဖွံ့ဖြိုးရေးကို အရှိန်အဟုန်ဖြင့် တိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း။

ဖွင့်လှစ်ပေး

ထိုသို့ အဆင့်ဆင့်သော စက်ရုံများ၊ အလုပ်ရုံများတွင် လုပ်နိုင်ရန် လိုအပ်မည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိနိုင်ရေး အတွက်ကိုလည်း ဒေသအတွင်းမှာပင် သင်ယူနိုင်မည့် စာသင်ကျောင်းများ၊ တက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်များ၊ သင်တန်းကျောင်းများ တည်ဆောက်ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တွင် တည်ရှိပြီးဖြစ်သည့် စိုက်ပျိုးရေးနှင့် အခြားသော သဘာဝအခြေခံအရင်းအမြစ်များကို ခေတ်မီစက်မှုနည်းပညာရပ်များဖြင့် ပေါင်းစပ်ပြီး မိမိတို့မိသားစုများ၏ လူမှုစီးပွားရေး တိုးတက်သည်ထက် တိုးတက်လာစေရအောင် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ လပွတ္တာမြို့သစ်သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်မောင်၊ ခရိုင်ဥက္ကဋ္ဌ ဦးအေးမောင်ကြည်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့သစ်၌ ဌာနဆိုင်ရာရုံးများ တည်ဆောက်ထားမှုအခြေအနေ၊ အအေးသိုလှောင်ရုံနှင့် ရေခဲစက်များတည်ဆောက်နေမှု၊ တိုးချဲ့အိမ်ရာတည်ဆောက်နေမှု၊ လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်းကျောင်း၊ လူငယ့်အားမာန် သင်တန်းကျောင်းများ တည်ဆောက်ထားမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့သစ်ရှိ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်အနီးရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဝန်ကြီး ဦးသိန်းညွန့်က လပွတ္တာခရိုင်အတွင်း၌ ကျေးလက်အိမ်ရာ ၄၅၄၈ လုံး၊ Cyclone Shelter အကြီးခုနစ်လုံး တည်ဆောက်ပြီးစီးမှု၊ အဆိုပါ Cyclone Shelter အကြီးတစ်လုံးစီတွင် ဂါလန် ၁၅၀၀၀ ဆံ့ မိုးရေလှောင်ကန် ရှစ်လုံးစီဖြင့် ရေဂါလန် စုစုပေါင်း ၁၂၀၀၀၀ ရေ စုဆောင်းသိုလှောင်ထားရှိနိုင်မှု၊ အခြေခံပညာကျောင်း ၂၂၈ ကျောင်း၊ ဆေးရုံဆေးပေးခန်း ၅၈ခု၊ သာသနိက အဆောက်အအုံ ၆၇၅ လုံးတို့ကိုလည်း ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု၊ အမျိုးသမီးငယ်များအတွက် အခြေခံအိမ်တွင်းမှု အထူးသင်တန်းများကိုလည်း တစ်ကြိမ်လျှင် သင်တန်းသား ၆၀နှုန်းဖြင့် လေးကြိမ်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ထို့အတူ လက်သမား၊ ပန်းရန်နှင့် သံချည်သံကွေးသင်တန်းများကို တစ်ကြိမ်လျှင် ၅၀ နှုန်းဖြင့် လေးကြိမ် သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ လပွတ္တာမြို့သစ်၌ ကွက်သစ်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် မြေကွက်ဖော်ထုတ်မှု၊ အိမ်များ ဆောက်လုပ်ပြီးစီးမှုနှင့် လမ်းတံတားများ ဖောက်လုပ်ပေးမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြို့သစ်၌ ဆိပ်ခံတံတား၊ ရေပေးရေးလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းရေးတို့ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မြို့သစ်အတွင်း ဌာနဆိုင်ရာ ရုံးများ၊ အအေးခန်းစက်ရုံနှင့် ပုဂ္ဂလိက နေအိမ်များ ဆောက်လုပ်လျက်ရှိပါကြောင်း၊ လပွတ္တာ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးအတွက် လူနာတင်ယာဉ်တစ်စီးနှင့် လပွတ္တာမြို့အတွက် မီးသတ်ယာဉ်တစ်စီးတို့ကိုလည်း ဧရာဝတီဘဏ်က ပေးအပ်လှူဒါန်းခဲ့ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက မှာကြားလမ်းညွှန်ရာတွင် လပွတ္တာမြို့နယ်သည် ယခင်က လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်းနှင့် ရာသီဥတုအခြေအနေများကြောင့် ပြင်ပဒေသများနှင့် ဆက်သွယ်ရန် ခက်ခဲခဲ့ပြီး နီးလျက်နှင့်ဝေး ဖြစ်ခဲ့ရကြောင်း။

လပွတ္တာဒေသသည် ဆန်စပါး၊ သားငါး၊ ပုစွန်၊ ဆား၊ အုန်း စသည့် သယံဇာတပစ္စည်း ပေါကြွယ်ဝလှသော်လည်း လမ်းပန်းဆက်သွယ်မှု အခက်အခဲကြောင့် စီးပွားဖြစ်ထုတ်ယူနိုင်ခြင်းမရှိခဲ့ဘဲ ဒေသနေပြည်သူများလည်း ခေတ်နောက်ကျနေရသည့်အခြေအနေဖြစ်ခဲ့ရကြောင်း။

ဆောင်ရွက်ပေးခဲ့

ထို့ကြောင့်လည်း မိမိတို့အနေဖြင့် လပွတ္တာဒေသကို အခြားဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်မှု ရရှိလာစေရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ဦးစွာ ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ခရီးသွားလာမှု လွယ်ကူစေရုံမျှသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများကိုလည်း လိုက်ပါတိုးတက် ပြောင်းလဲလာစေမည်ဖြစ်ကြောင်း၊ ထို့အပြင် အခြားဒေသများနှင့် ဆက်သွယ်ထိတွေ့ ဆက်ဆံနိုင်ခြင်းကြောင့် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးတက်လာနိုင်ခြင်း၊ အတွေးအခေါ် ၊အသိဉာဏ်ဗဟုသုတများ တိုးပွားလာနိုင်ခြင်း စသည့် အကျိုးတရားများကိုလည်း အလိုလို ရရှိလာနိုင်မည်ဖြစ်ကြောင်း၊ လပွတ္တာမြို့နယ်သည် သယံဇာတ ပေါများပြီး နယ်မြေကျယ်ဝန်းကြောင်း၊ လူဦးရေထူထပ်ကာ ပင်လယ်နှင့် ထိစပ်နေသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် လပွတ္တာဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန် ရရှိလာစေရန်အတွက် အနီးကပ်ကြီးကြပ် ကွပ်ကဲဆောင်ရွက်နိုင်စေရန် စီမံခန့်ခွဲမှုအမြင်ဖြင့် လပွတ္တာမြို့ကို ခရိုင်အဆင့် သတ်မှတ်ဆောင်ရွက်ပေးခဲ့ကြောင်း။

ဤနေရာတွင် မိမိ မကြာခဏပြောကြားခဲ့သည့်အတိုင်း နိုင်ငံတော်ကို စီမံအုပ်ချုပ်ရာတွင် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ စီမံခန့်ခွဲရေးအမြင်၊ ကာကွယ်ရေးအမြင်ဆိုသည့် မြင်လေးမြင်ရှိရန်လိုကြောင်း၊ လပွတ္တာမြို့ဖွံ့ဖြိုးမှု မြန်ဆန်ရေးအတွက် စီမံခန့်ခွဲမှုအမြင်ဖြင့် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ထို့အပြင် ယခင်က လပွတ္တာဒေသခံပြည်သူများမှာ ဆေးဝါးကုသရန်အတွက် ဆေးရုံ၊ ဆေးခန်းရှိသည့်နေရာသို့ ရောက်ရှိရန် မလွယ်ကူသဖြင့် အသက်ဆုံးရှုံးရမှုများရှိခဲ့ကြောင်း၊ ထို့ကြောင့် လပွတ္တာ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို အချိန်မီကုသပေးနိုင်ရေးအတွက် အထူးခရိုင်အဆင့် သတ်မှတ်၍ ခုတင်(၂၀၀)ဆံ့ ဆေးရုံသစ်ကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း။

ယခင်က ဤဒေသရှိ လူငယ်လူရွယ်များမှာ အသက်မွေးဝမ်းကျောင်းအလုပ်အဖြစ် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းသာရှိကြောင်း၊ ယနေ့ဆိုလျှင် ဤဒေသတွင် အမျိုးသမီးငယ်များအတွက် အိမ်တွင်းမှု သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးထားပြီး အမျိုးသားများအတွက် လက်သမား၊ ပန်းရန်၊ သံချည်သံကွေး သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ယင်းတို့၏ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်သစ်များ ရရှိအောင် ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ဒေသအတွင်း ပိုင်ဆိုင်ရရှိထားပြီးဖြစ်သည့် လယ်ယာ၊ သား ငါး၊ ပုစွန်၊ ဆား၊ အုန်း စသည့် သဘာဝအရင်းအနှီးများကို အခြေခံပြီး မိမိတို့၏ လုံ့လဝီရိယ ကြိုးစားအားထုတ်မှုဖြင့် ပေါင်းစပ်ကာ မိမိတို့၏ လူနေမှုဘဝ ကြီးပွားတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းမှာကြားသည်။

ကြိုဆို

ယင်းနောက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံသစ်ကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ဆေးရုံ၌ တက်ရောက် ဆေးဝါးကုသမှုခံယူနေကြသည့် ဒေသခံလူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေး စကားပြောကြားပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့၏ မြို့ပြဖွံ့ဖြိုးမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ပြင်စလူမြို့သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ကျော်နိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ ပြင်စလူကျေးရွာ လူ ၅၀၀ ဆံ့ မုန်တိုင်းဒဏ်ခံ အဆောက်အအုံသို့ ရောက်ရှိကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြင်စလူမြို့ အနီးပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာ ကြိုဆိုကြသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် Cyclone Shelter (၁)တွင် ဖွင့်လှစ်ထားသည့် (၂၅)ခုတင်ဆံ့ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်မြင့်အောင်က ဒေသခံပြည်သူများ ဆေးရုံသို့ တက်ရောက် ဆေးဝါးကုသခံယူမှု အခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးမှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ ဖွံ့ဖြိုးတိုးတက် စည်ပင်သာယာနေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့ စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြကာ သက်ဆိုင်ရာဝန်ကြီးများအား ရေငန်တား တာပေါင်တည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ပြင်စလူမြို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းအခြေအနေများကိုလည်းကောင်း မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ညနေ ၃နာရီတွင် ပုသိမ်မြို့သို့ ရောက်ရှိကြသည်။

ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များအား အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးမြင့်ဆွေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုကြသည်။

ရာဇူဒိုင်တံတားအမှတ်(၁)။ (သတင်းစဉ်)

ယင်းနောက် နိုင်ငံတော်အကြီးအကဲနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့၏ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ စည်ပင်သာယာမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးနှင့် အဖွဲ့ဝင်များသည် ပုသိမ်ဘူတာသို့ ရောက်ရှိကြရာ မြန်မာ့မီးရထားသွားလာရေးနှင့် ပို့ဆောင်ရေးဌာန တိုင်းဒေသကြီးမန်နေဂျာ ဦးအေးမောင်၊ ရုံပိုင်ကြီး ဦးအုန်းကြိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဗိုလ်ချုပ်မှူးကြီးသည် ပုသိမ်ဘူတာကို ကြည့်ရှုစစ်ဆေးပြီး သိရှိလိုသည်များကို မေးမြန်းရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ရထားလမ်း အဆင့်မြှင့်တင် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်နှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးက မီးရထားဖြင့် ခရီးသွားလာမှု အခြေအနေများနှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ်နှင့် အနောက်ဘက်ခြမ်း ပခုက္ကူမြို့တို့ကို ဆက်သွယ်ပေးမည့် ၁၁၄၃၁ ပေရှည်သော ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

■ ကျောဖုံးမှ

နေပြည်တော် ပျဉ်းမနား-ပင်လောင်း၊ စစ်တွေ-အမ်း-မင်းဘူး၊ ကော့သောင်း-ဘုတ်ပြင်း-ထားဝယ်-မော်လမြိုင်၊ တောင်ကုတ်-မအီ-ကျောက်ဖြူ မုံရွာ-ခန္တီး စတဲ့ ပြည်ထောင်စုလမ်းမကြီးတွေ ငွားငွားစွင့်စွင့် ကြွားကြွားဝင့်ဝင့် ပေါ်ထွန်းလာခဲ့ပါတယ်။

မင်းဘူး - ဆိပ်ဖြူ - ပခုက္ကူ -မုံရွာလမ်းနဲ့ မင်းလှ-သရက်-ပြည် ကားလမ်းတို့ကို ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်ပေးခဲ့ပါတယ်။ နတ်မောက်နဲ့ မကွေး၊ မုံရွာနဲ့ ကလေးဝ၊ တောင်ငူမှ ပြည်၊ နေပြည်တော် ပျဉ်းမနားမှသည် တောင်တွင်းကြီးအရောက် အရှေ့မှ အနောက် ဖြတ်သန်းသည့် ကားလမ်းသစ်များ ဖြစ်ထွန်းလာခဲ့ပါတယ်။

နိုင်ငံတော်က လမ်း၊ တံတားသစ်များကို တစ်ပိုင်းပြီးတစ်ပိုင်း ဖွင့်လှစ်ပေးခဲ့တာကိုကြည့်ရင် လမ်းနဲ့တံတားကဏ္ဍသစ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှာ ၁၉၈၈ ခုနှစ် မတိုင်မီက လမ်းအရှည် ၁၃၆၃၅ မိုင်သာရှိခဲ့ရာမှ ယခုအချိန်မှာ ၂၁၃၆၁ မိုင် ၂ ဖာလုံအထိ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့တဲ့အတွက် ၇၇၂၆ မိုင် ၂ဖာလုံ ထပ်မံတိုးပွားလာခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပေ ၁၀၀နဲ့ ပေ ၁၈၀ အကြား တံတားပေါင်း ၂၉၁၅ စင်းနဲ့ ပေ ၁၈၀ အထက် တံတားကြီးအစင်း ၂၄၇ အထိ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သလို ဧရာဝတီမြစ်ကို ဖြတ်ကျော်ပြီး တံတားကြီးငါးစင်း တည်ဆောက်နေပြီဖြစ်ပါတယ်။ နှစ်လမ်းသွား ကားလမ်းနဲ့ရထားလမ်း ယှဉ်တွဲပါရှိတဲ့ တံတားကြီးလေးစင်းနဲ့ နှစ်လမ်းသွား ကားလမ်းသာပါရှိတဲ့ မြစ်ကူးတံတားကြီး တစ်စင်းတို့ပဲ ဖြစ်ပါတယ်။

အဲဒီတံတားတွေထဲမှာ ဧရာဝတီတံတား(ညောင်တုန်း)ဟာ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးအတွင်း သွားလာဆက်သွယ်မှု ပိုမိုလွယ်ကူလျင်မြန်စေရန်အတွက် ဧရာဝတီမြစ်ကို ညောင်တုန်းမြို့အနီးမှ ဖြတ်ကျော်ပြီး ရထားလမ်းနဲ့ ကားလမ်းတစ်ပေါင်းတည်း ပါဝင်တဲ့ တံတားဖြစ်ပါတယ်။ နှစ်လမ်းမောင်း ကားလမ်းနဲ့ ရထားလမ်းတစ်လမ်း ယှဉ်တွဲပါရှိပြီး တံတားရဲ့ ကားလမ်း အရှည် ၉၃၈၂ ပေနဲ့ ရထားလမ်း အရှည် ၁၀၃၇၇ ပေရှိကာ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေနဲ့ လူသွားလမ်း တစ်ဖက်မှာ သုံးပေစီပါရှိတာမို့ ပြည်သူတွေ နေ့ညအချိန်မရွေး သွားလာနိုင်ကြပြီဖြစ်တာမို့ ခရီးသွားလာရေးနဲ့ ကုန်စည်စီးဆင်းရေးတို့ကို အထောက်အကူ များစွာပြုစေခဲ့ပြီဖြစ်ပါတယ်။

နောက် တံတားတစ်စင်းကတော့ ဧရာဝတီတံတား(မလွန်) ဖြစ်ပါတယ်။ ဧရာဝတီမြစ်ကို ဖြတ်ကျော်ပြီး ပဌနဂိုလ်နှင့် မလွန်မြို့အနီးမှာ တည်ဆောက်လျက်ရှိပါတယ်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ ပုသိမ်-ကြံခင်း-ပခုက္ကူ ရထားလမ်းနဲ့ ဧရာဝတီမြစ် အရှေ့ဘက်ခြမ်းရှိ ပြည်-အောင်လံ-တောင်တွင်းကြီး-မကွေး-ချောက် ရထားလမ်းတို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်ရေးအတွက် ရည်ရွယ်တည်ဆောက်ခြင်းဖြစ်ပါတယ်။ နှစ်လမ်းသွား ကားလမ်းနဲ့ ရထားလမ်းတစ်လမ်း တစ်ပြိုင်တည်းပါရှိပြီး တံတားရဲ့ ကားလမ်းအရှည် ၄၆၉၅ ပေနဲ့ ရထားလမ်းအရှည် ပေ ၅၅၁၀ တို့ ဖြစ်တာမို့ ဒီတံတားကြောင့် ဧရာဝတီအနောက်ဘက်ခြမ်းဒေသတွေ ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်ပါတယ်။

နောက်ထပ် တံတားတစ်စင်းကတော့ စစ်ကိုင်းတိုင်းဒေသကြီးမှ ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်သို့ တောက်လျှောက် ခရီးပေါက်နိုင်တဲ့ အရှည် ၂၈၄၁ ပေနဲ့ လေးလက်မရှည်တဲ့ နှစ်လမ်းမောင်း ဧရာဝတီမြစ်ကူး (ရတနာသိင်္ဃ) တံတားတစ်စင်းကို တည်ဆောက်သွားမှာဖြစ်ပါတယ်။ ဒီတံတားဟာ ဧရာဝတီမြစ်အရှေ့ဘက် မန္တလေး-မတ္တရာ-မိုးကုတ်လမ်းပေါ်ရှိ လက်ပံလှလမ်းခွဲမှ စဉ့်ကူးမြို့သို့လည်းကောင်း၊ တံတားကိုဖြတ်ကျော်ပြီး အနောက်ဘက် ကျောက်မြောင်း-ရွှေဘိုမှ တစ်ဆင့် မန္တလေး-ရွှေဘို - မြစ်ကြီးနားလမ်းအတိုင်း မြောက်ဘက်သို့ လည်းကောင်း၊ အနောက်ဘက် မုံရွာသို့ လည်းကောင်း၊ တောင်ဘက် စစ်ကိုင်းမှတစ်ဆင့် မန္တလေးမြို့သို့ ပတ်လမ်းအဖြစ်လည်းကောင်း လူးလာခေါက်ပြန်သွားလာနိုင်မယ့် တံတားဖြစ်လို့ အရေးပါတဲ့ တံတားတစ်စင်းလည်း ဖြစ်ပါတယ်။

နောက်ပြီး ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ကျေးရွာနဲ့ အနောက်ဘက်ခြမ်း ပခုက္ကူမြို့တို့ကို ဆက်သွယ်ပေးမယ့် ၁၁၄၃၁ ပေ ရှည်သော ဧရာဝတီတံတား(ပခုက္ကူ)ကိုလည်း တည်ဆောက်လျက်ရှိပါတယ်။ ပင်မတံတားအရှည် နှစ်မိုင်ကျော်ရှိမှာဖြစ်ပြီး နှစ်လမ်းသွားကားလမ်းနဲ့ ရထားလမ်းတို့ ယှဉ်တွဲပါရှိမယ့် သံကူကွန်ကရစ် သံမဏိသံပေါင် တံတားကြီးဟာ ပခုက္ကူ-မြင်းချိုင့်-လက်ပံခြေပေါ်-သစ်ထောက်-ညောင်ဦးတို့ကို ဆက်သွယ်ပေးမှာဖြစ်ပြီး ယခုအခါ တံတားတည်ဆောက်ရေး လုပ်ငန်းတွေကို အရှိန်အဟုန်ဖြင့် စတင်ဆောက်ရွက်နေပြီဖြစ်ပါတယ်။

အဲဒီ တံတားကြီး ပြီးစီးခဲ့ရင် ကချင်ပြည်နယ် ဗန်းမော်၊ ရှမ်းပြည်နယ် ကျိုင်းတုံ၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တို့ကိုလည်းကောင်း၊ မင်းဘူး-

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✧

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်ကို ဆက်သွယ်ပေးထားသော အတ္တရံမြစ်ကူးကြိုးတံတားကို တွေ့ရစဉ်။

နေပြည်တော်-ပျဉ်းမနား-ပင်လောင်းလမ်း၏ လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

ဆက်လက်ဖောက်လုပ်လျက်ရှိသည့် အဓိကလမ်းများ

စဉ်	လမ်းအမည်	ခရီးမိုင်
၁။	ပုသိမ်-မုံရွာလမ်းမကြီး	၄၅၀ မိုင် ၅ ဖာလုံ
၂။	တိုက်ကြီး-ဖောင်ကြီး-ပဲခူးလမ်း(တိုက်ကြီး-၁၀မိုင်ကုန်းအပိုင်း)	၄၂ မိုင် ၇ ဖာလုံ
၃။	မင်းလှ-စိန်ကန့်လန့်-မြို့ချောင်း-ဖဒို-ပိန်းဇလုပ်-ဘန့်ဘွေးကုန်း-ပဲနွယ်ကုန်းလမ်း	၁၄၃ မိုင် ၆ ဖာလုံ
၄။	ကိုးပင်-သာဂရလမ်း	၉၆ မိုင် ၃ ဖာလုံ
၅။	မကွေး-ကန်ပြား-မြို့သစ်-တောင်ညို-နေပြည်တော်လမ်း	၁၀၈ မိုင် ၄ ဖာလုံ
၆။	မကွေး-နတ်မောက်-ပျော်ဘွယ်လမ်း	၉၁ မိုင် ၄ ဖာလုံ
၇။	ပြင်ဦးလွင်-မိုးကုတ်လမ်း	၉၇ မိုင်
၈။	ကသာ-စင်းခန်းလမ်း	၆၅ မိုင်
၉။	မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်း	၂၁၈ မိုင်
၁၀။	သင်္ဘောယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်း	၃၃၀ မိုင်
၁၁။	နေပြည်တော်ပျဉ်းမနား-ပင်လောင်းလမ်း	၇၀ မိုင် ၂ ဖာလုံ
၁၂။	ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း	၂၂ မိုင် ၆ ဖာလုံ
၁၃။	မြေပုံ-မင်းပြားလမ်း	၂၄ မိုင် ၇ ဖာလုံ
၁၄။	ပေါက်တော-မင်းပြားလမ်း	၂၀ မိုင် ၆ ဖာလုံ
၁၅။	ကျောက်တော်-ပလက်ဝလမ်း	၃၃ မိုင် ၅ ဖာလုံ

မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားသော ပျော်ဘွယ်-ရွာမွန်-နတ်မောက်-ကန်ပြားလမ်းကို တွေ့ရစဉ်။

၁၉၈၈ ခုနှစ်မှ ယနေ့အထိ ပေ ၁၈၀ နှင့်အထက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ၊ တည်ဆောက်ရန် လျာထားတံတားကြီးများ

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	တည်ဆောက်ပြီး	တည်ဆောက်ဆဲ	တည်ဆောက်ရန် လျာထား
၁။	ကချင်ပြည်နယ်	၁၉ စင်း	၂ စင်း	၁ စင်း
၂။	ကယားပြည်နယ်	၁ စင်း	၁ စင်း	-
၃။	ကရင်ပြည်နယ်	၇ စင်း	၂ စင်း	၁ စင်း
၄။	ချင်းပြည်နယ်	၃ စင်း	-	-
၅။	စစ်ကိုင်းတိုင်းဒေသကြီး	၁၉ စင်း	၁ စင်း	၁ စင်း
၆။	တနင်္သာရီတိုင်းဒေသကြီး	၇ စင်း	-	-
၇။	ပဲခူးတိုင်းဒေသကြီး	၂၀ စင်း	-	-
၈။	မကွေးတိုင်းဒေသကြီး	၂၁ စင်း	၂ စင်း	-
၉။	မန္တလေးတိုင်းဒေသကြီး	၁၂ စင်း	၁ စင်း	-
၁၀။	မွန်ပြည်နယ်	၄ စင်း	-	-
၁၁။	ရခိုင်ပြည်နယ်	၃၇ စင်း	-	-
၁၂။	ရန်ကုန်တိုင်းဒေသကြီး	၃၀ စင်း	၁ စင်း	-
၁၃။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၄ စင်း	-	-
၁၄။	ရှမ်းပြည်နယ်(တောင်ပိုင်း)	၅ စင်း	၂ စင်း	-
၁၅။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၇ စင်း	-	၁ စင်း
၁၆။	ဧရာဝတီတိုင်းဒေသကြီး	၅၁ စင်း	၃ စင်း	၁ စင်း
	စုစုပေါင်း	၂၄၇ စင်း	၁၅ စင်း	၅ စင်း

✧ စာမျက်နှာ ၆ မှ

အမ်းလမ်းကိုဖြတ်ပြီး ရခိုင်ပြည်နယ် ကျောက်တော်-စစ်တွေမြို့သို့ လည်းကောင်း ရထားလမ်းများ လွှမ်းခြုံချိတ်ဆက်မိသွားမှာ ဖြစ်ပါတယ်။ ဧရာဝတီမြစ် အနောက်ဘက်ခြမ်း ဒေသများ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက် ရန်ကုန်-ပုသိမ်လမ်းပိုင်းနဲ့ ပုသိမ် - ဟင်္သာတ - ကြံခင်း -ပခုက္ကူ လမ်းပိုင်းမှတစ်ဆင့် ကလေးအထိ၊ ထိုမှတစ်ဖန် မိုရေးအထိလည်းကောင်း၊ အရှေ့ဘက်သို့ ခရီးဆက်ရင် လားရှိုးမှ ကြယ်ဂေါင်သို့လည်းကောင်း ပြည်ထောင်စုရထားလမ်း အဖြစ် လမ်းပေါက်ဖြန့်ကြက် တည်ရှိလာတော့မည်ဖြစ်တာမို့ နိုင်ငံတွင်း ဒေသအသီးသီးကို ချိတ်ဆက်သွားလာနိုင်တဲ့ တံတားဖြစ်ပါတယ်။

နောက်ထပ် တံတားတစ်စင်းကတော့ ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာအနီးမှာ ကားရော ရထားပါ တစ်ပြိုင်တည်း သွားလာနိုင်တဲ့ ၄၆၉၅ ပေရှည်တဲ့ ဧရာဝတီတံတား(စင်းခန်း) သံမဏိသံပေါင် တံတားကြီးဖြစ်ပြီး ဧရာဝတီမြစ်ကိုဖြတ်ကာ တည်ဆောက်လျက်ရှိပါတယ်။

နိုင်ငံတော်ဟာ ဧရာဝတီမြစ်ကူး တံတားငါးစင်း အပါအဝင် တံတားအသစ် ၁၅စင်းကိုလည်း တတ်စွမ်းနိုင်သမျှ ကြိုးပမ်းတည်ဆောက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ် ရွှေလီတံတား (မြစ်ဆုံ)၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ယက်ဖချောင်းတံတား၊ ဧရာဝတီတိုင်းဒေသကြီး ကျုံမငေးမြို့နယ်မှာ ကျွန်းပြသာဒ်တံတား၊ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှာ ဂျိုင်းမြစ်ကူးတံတား(ကော့ကရိတ်)နဲ့ ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှာ မူလာရှိုးဒီတံတားတို့ကိုလည်း ဆက်လက်တည် ဆောက်ဖို့ ရည်မှန်းထားပါတယ်။ ဒါ့အပြင် ပဲနွယ်ကုန်း-ကျောက်ကြီးလမ်းပေါ်ရှိ ပေ ၇၂၀ ရှည်တဲ့ စစ်တောင်းတံတား (နတ်သံကွင်း)ကိုလည်း ရာသီမရွေး သွားလာနိုင်အောင် တည်ဆောက်သွားဖို့ စီစဉ်နေပြီဖြစ်ပါတယ်။

ဒီလို နိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးကို အချိန်မရွေး ယာဉ်၊ ရထားတွေနဲ့ သွားလာဖို့နဲ့ ကုန်စည်စီးဆင်းနိုင်ဖို့ ဆောင်ရွက်နေတာဟာ ပြည်သူတွေအပါအဝင် နိုင်ငံတော်ကြီးတစ်ခုလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် အမြော်အမြင်ကြီးစွာနဲ့ ဆောင်ရွက်အကောင်အထည်ဖော်ပေးနေခြင်းပဲ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ အခြေခံအဆောက်အအုံတွေထဲမှာ အရေးကြီးတဲ့လမ်း၊ တံတား ဖောက်လုပ်တည်ဆောက်မှုတွေကို အခက်အခဲ၊ အဟန့်အတားနဲ့ ပိတ်ဆို့မှုတွေကြား မှ အမျိုးသားအကျိုးစီးပွား အမြင်နက်ရှိုင်းစွာထားပြီး နေ့ညမရွေး ဆောင်ရွက်အကောင်အထည်ဖော်မှုတွေဟာ ဒီနေ့ ပြည်သူတွေ လက်ငင်းအကျိုး ကျေးဇူးတွေ ခံစားနိုင်နေကြတဲ့အပြင် အနာဂတ်နိုင်ငံတော်အတွက်လည်း စိတ်ရင်းစေတနာထားပြီး လက်တွေ့ကျတဲ့ ဆောင်ရွက်မှုတွေဆိုတာ မီးမောင်းထိုးပြနေသလိုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါတယ်။ ။

ခေတ်မီသေသပ်လှပနေသော နေပြည်တော်-ရန်ကုန် အမြန်လမ်းမကြီး၏ လမ်းပိုင်းတစ်နေရာကို တွေ့ရစဉ်။

ဒေသတွင်း ဆက်သွယ်သွားလာမှု လွယ်ကူစေရုံမက ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလျက်ရှိသော သံလွင်တံတား (မော်လမြိုင်)။

မှန်ကန်သည့် ဆန္ဒမဲပေးရွေးချယ်မှုဖြင့် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ကြပါစေ

ကျော်မင်းလူ (ရွှေပြည်သာ)

ပြည်သူအများ မျှော်လင့်စောင့်စားနေကြတဲ့ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဟာ ၇-၁၁-၂၀၁၀ ရက်နေ့မှာ မလွဲမသွေ ရောက်ရှိလာပါတော့မယ်။ တွက်ကြည့်ရင် သိပ်တောင်မလိုတော့ပါဘူး။ သိပ်ကို နီးကပ်နေပါပြီ။ မြန်မာနိုင်ငံတစ်ဝန်းလုံးက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး ဆိုင်ရာ မဲရုံအသီးသီးကိုသွားရောက်ပြီး အဲဒီနေ့မှာ မိမိလိုလားထောက်ခံရွေးချယ်လိုသူကို လွတ်လပ်စွာ မဲပေးနိုင်ကြတော့မှာ အသေအချာပါပဲ။

သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ကလည်း ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများနဲ့အညီ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ (Free and Fair Election) ဖြစ်အောင် အဘက်ဘက်က စနစ်တကျ ပြင်ဆင်ဆောင်ရွက်နေပါပြီ။ ရွေးကောက်ပွဲဆိုင်ရာ ပညာပေးဆွေးနွေးမှုတွေ၊ မဲပေးပုံသရုပ်ပြပွဲတွေလည်း နိုင်ငံအဝန်းနေရာအနှံ့ အင်တိုက်အားတိုက် ဆောင်ရွက်နေကြပါပြီ။ ရွေးကောက်ပွဲအကြို လုပ်ငန်းစဉ်များအားလုံးလည်း ချောချောမွေ့မွေ့ အောင်အောင်မြင်မြင်နဲ့ စစ်မှန်တဲ့ရွေးကောက်ပွဲကြီးဆီကို ဦးတည်ဖြတ်သန်းနေကြတာကို ကြည့်ရတာ တကယ့်ကို အားရစရာပါပဲ။

ဆိုင်ရာဆိုင်ရာ နိုင်ငံရေးပါတီတွေ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေ၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်လောင်းတွေအနေနဲ့လည်း ရွေးကောက်ပွဲအတွက် စည်းရုံးမဲဆွယ်မှုတွေကို သူ့ထက်ငါ အပြိုင်အဆိုင်လုပ်နေကြပါပြီ။ ရေဒီယို၊ ရုပ်မြင်သံကြားတို့ကနေ ဟောပြောပြသထုတ်လွှင့်နေတာတွေ ရှိသလို ရွေးကောက်ပွဲ ကြေညာစာတမ်းလို၊ ပါတီရဲ့ မူဝါဒသဘောထား လုပ်ငန်းစဉ် စာတမ်းလို စာတမ်းမျိုးတွေကအစ ပါတီသတင်းလွှာ၊ လက်ကမ်းစာစောင်များအထိ တရားဝင် ဖြန့်ချိဝေငှစည်းရုံးနေတာတွေလည်း တွေ့နေရပါတယ်။ တစ်အိမ်တက်ဆင်း လိုက်လံတွေ့ဆုံ စည်းရုံးနေတာတွေ၊ အစုအဝေးနဲ့ ဟောပြောဆွေးနွေးစည်းရုံးနေတာတွေ၊ ရွာစဉ်လှည့်ပြီး နီးစပ်ရာ ထိတွေ့စည်းရုံးနေတာတွေကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှားဖြစ်နေကြတာကို ကြားနေ သိနေ တွေ့နေ မြင်နေရပါတယ်။ ဘာပဲပြောပြော ပါတီနိုင်ငံရေးနဲ့ ရွေးကောက်ပွဲတစ်ရပ်ရဲ့ သရုပ်သကန် ဟန်ချက်ညီ ပီပြင်နေပြီဆိုတာ ထင်ရှားပါတယ်။

မဲပေးကြမယ့် မဲဆန္ဒရှင်ပြည်သူတွေထဲမှာလည်း ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှု တစ်ချိန်ထက်တစ်ချိန် ပိုပိုပြီး မြင့်တက်လာနေပါပြီ။ **ရွေးကောက်ပွဲနီးလာလေ၊ စိတ်ဝင်စား အာရုံစူးစိုက်မှု မြင့်တက်လေ ဖြစ်လာမှာဖြစ်ပြီး ရွေးကောက်ပွဲကျင်းပတဲ့နေ့ မဲပေးပြီးလို့ အရှုံးအနိုင် မဲစာရင်းတွေ ကြေညာတဲ့အချိန်မှာ အမြင့်ဆုံးကိုရောက်ရှိသွားပါလိမ့်မယ်။ ဒါကြောင့် အမြင့်ဆုံးအချိန်အတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ရင်း ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ကိုမဲပေးရမလဲလို့ အထပ်ထပ်အပြန်ပြန် နှိုင်းယှဉ်စဉ်းစားရွေးချယ်ရတာဟာ လူတိုင်းအတွက် စိတ်ဝင်စားစရာ အာရုံစူးနစ်မှုတစ်ရပ် ဖြစ်နေပါပြီ။ ဒါတွေကိုကြည့်ရင် ၂၀၁၀ ရွေးကောက်ပွဲဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဟန်ချက်ညီ လှုပ်ရှားသက်ဝင်နေကြောင်း ထင်ရှားသလို အောင်မြင်တဲ့၊ လွတ်လပ်ပြီးတရားမျှတတဲ့၊ စစ်မှန်တဲ့ ရွေးကောက်ပွဲတစ်ရပ်ရဲ့ လားရာလမ်းကြောင်းအတိုင်း အရှိန်အဟုန်ပြင်းပြင်းနဲ့ ချီတက်နေပြီဆိုတာလည်း အသေအချာကို ဖော်ညွှန်းနေပါတယ်။ အောင်မြင်တဲ့ ရွေးကောက်ပွဲကြီးအဖြစ် သမိုင်းတစ်ကွေ့မှာ မော်ကွန်းတင်ရစ်နိုင်မှာ မုချပါပဲ။**

ဒါပေမယ့် ယခုအခါ တည်ဆဲဥပဒေများအရ အလိုအလျောက် ပျက်ပြယ်သွားပြီးဖြစ်တဲ့ ပါတီဟောင်းတစ်ခုနဲ့ ပြည်တွင်းပြည်ပ ဆန့်ကျင်ဘက်အုပ်စုများက လာမယ့်ရွေးကောက်ပွဲကို ပြည်သူတွေမဲမပေးဘဲ သပိတ်မှောက်ကြဖို့ အမျိုးမျိုး သွေးထိုးလှုံ့ဆော်နေကြပါတယ်။ အလားတူ ပြည်ပအသံလွှင့်ဌာနများကလည်း ရွေးကောက်ပွဲကို ပြည်သူတွေဆန့်ကျင်လာအောင်၊ မဲမပေးဘဲ သပိတ်မှောက်အောင်၊ ရွေးကောက်ပွဲကြီး မအောင်မြင်ဘဲ ပျက်ပြားသွားအောင် နည်းလမ်းမျိုးစုံ၊ ကဏ္ဍမျိုးစုံနဲ့ သွေးထိုးလှုံ့ဆော် ဖြိုခွဲနေတာ ထပ်ထပ်ကြမ်းအောင် ကြားနေရပါတယ်။ ဒီလုပ်ရပ်တွေဟာ ပြည်သူတွေက ရွေးကောက်ပွဲကိုဆန့်ကျင်ပြီး မဲမပေးဘဲနေကြခြင်းဖြင့် နိုင်ငံတော်ရဲ့ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်မှု အဟန့်အတားဖြစ်စေအောင်၊ ကျွန်တော်တို့နိုင်ငံ ရွေးကောက်ပွဲရဲ့ ဂုဏ်သိက္ခာ ညှိုးနွမ်းကျဆင်းစေအောင် ရည်ရွယ်ကြိုးပမ်းဆောင်ရွက်နေကြတာပဲ ဖြစ်ပါတယ်။ တစ်ဖက်ကကြည့်ရင်လည်း ကျွန်တော်တို့ မြန်မာပြည်သူတွေဟာ ဆန္ဒမဲပေးရလောက်အောင် ထိုက်တန်တဲ့ လူ့အရည်အချင်းမရှိသေးဘူးလို့ မပြောရုံတစ်မယ် အထင်သေးစွာ စော်ကားနေကြခြင်းလည်း ဖြစ်တယ်လို့ ရှုမြင်မိပါတယ်။

တကယ်တော့ ရွေးကောက်ပွဲမှာ မဲပေးနိုင်တဲ့အခွင့်အရေး၊ မဲပေးခြင်း မပြုဘဲနေနိုင်တဲ့အခွင့်အရေးကို လွှတ်တော်ရွေးကောက်ပွဲဥပဒေများမှာ အထင်အရှားပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ အဲဒီအခွင့်အရေးကို မိမိဆန္ဒအလျောက် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိပေမယ့် မစားရတဲ့အမဲ သဲနဲ့ပက်ဆိုသလို မဲမပေးဘဲ ရွေးကောက်ပွဲကို သပိတ်မှောက်ကြဖို့ အခုလို စည်းရုံးလှုံ့ဆော်ဆောင်ရွက်နေခြင်းဟာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၇ ပါ မဲဆန္ဒရှင်များရဲ့ ရွေးကောက်မှုအခွင့်အရေးကို လွတ်လပ်စွာ သုံးစွဲ၍မရစေရန် မလျော်သြဇာသုံးခြင်းနဲ့ ငြိစွန်းနေကြောင်း သက်ဆိုင်သူတွေ အထူးသတိပြုသင့်ပါတယ်။

ပြောရရင် ကျွန်တော်တို့ ပြည်သူအားလုံးဟာ ဆန္ဒမဲပေးပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးကို နှစ်ပေါင်းများစွာ မျှော်လင့်စောင့်စားခဲ့ကြရတာပါ။ ကျွန်တော်တို့အတွက် အခုလာမယ့်ရွေးကောက်ပွဲဟာ နှစ်ပေါင်း (၂၀) အတွင်း ပထမဦးဆုံးအကြိမ် ဆန္ဒမဲပေးရွေးချယ်ပိုင်ခွင့် ရရှိလာခြင်းဖြစ်ပါတယ်။ ဒါကြောင့် လူတိုင်းလက်လွတ်မခံနိုင်တဲ့ အမျိုးသားရေးအခွင့်အလမ်းကြီး ဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

မဲဆန္ဒပေးခြင်းဟာ နိုင်ငံသားတစ်ဦးရဲ့ အခြေခံရပိုင်ခွင့်ဖြစ်သလို အခြေခံတာဝန်တစ်ရပ်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့၊ ခင်ဗျားတို့ လူတိုင်း လူတိုင်း ကိုယ်ယုံကြည်ရာ၊ ကိုယ်နှစ်သက်ရာပါတီနဲ့ ပုဂ္ဂိုလ်ကို လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ပိုင်ခွင့်ရှိပါတယ်။ ဒ့ါအပြင် ဆန္ဒပြု ရွေးချယ်တင်မြှောက်ပေးဖို့လည်း ကိုယ်စီတာဝန်ရှိကြပါတယ်။ တရားဝင်မဲပေးခွင့်ရပါလျက် မဲမပေးဘဲနေခြင်းဟာ နိုင်ငံသားတစ်ယောက်ရဲ့တာဝန်ကို ရှောင်လွှဲခြင်း၊ တစ်နည်းအားဖြင့် တာဝန်မဲ့ခြင်းဖြစ်တယ်လို့ ဆိုရမှာပါပဲ။ အသီးအနှံကို ဆွတ်ခူးစားသုံးလိုတယ်ဆိုရင် ကိုယ်တိုင်ပါဝင်စိုက်ပျိုးကြရမှာပဲမဟုတ်လား။ ဒါကိုသိလျက်နဲ့ ကိုယ်တိုင်ပါဝင်စိုက်ပျိုးဖို့တော့ ပျက်ကွက်ပြီး သူတစ်ပါးစိုက်ပျိုးထားတဲ့ အသီးအနှံကိုပဲ အချောင်ခူးဆွတ်စားသုံးလိုတယ်ဆိုရင်တော့ ဘယ်လိုလူစားမျိုးဖြစ်သွားမလဲဆိုတာ လူတိုင်းနားလည်ကြပြီး ဖြစ်ပါတယ်။

ဒ့ါအပြင် ဒီမိုကရေစီစနစ်မှာ ရပိုင်ခွင့်နဲ့ တာဝန်ဆိုတာ ဒွန်တွဲလျက်ရှိနေပါတယ်။ ရပိုင်ခွင့်ကိုပဲ မျှော်လင့်ပြီး တာဝန်ကိုရှောင်လွှဲချင်လို့ မရနိုင်ပါဘူး။ လူတိုင်း ဒီမိုကရေစီရေး ရပိုင်ခွင့်များကို ခံစားစံစားကြရမှာဖြစ်သလို ဒီမိုကရေစီရေးဆိုင်ရာ တာဝန်များကိုလည်း ကိုယ်စီကိုယ်င ထမ်းဆောင်ကြရမှာသာဖြစ်ပါ…

ရွေးကောက်ပွဲနီးလာလေ၊ စိတ်ဝင်စား အာရုံစူးစိုက်မှု မြင့်တက်လေ ဖြစ်လာမှာဖြစ်ပြီး ရွေးကောက်ပွဲကျင်းပတဲ့နေ့ မဲပေးပြီးလို့ အရှုံးအနိုင် မဲစာရင်းတွေ ကြေညာတဲ့အချိန်မှာ အမြင့်ဆုံးကို ရောက်ရှိသွားပါလိမ့်မယ်။ ဒါကြောင့် အမြင့်ဆုံး အချိန်အတွက် ယခုကတည်းက ကြိုတင်ပြင်ဆင်ရင်း ဘယ်ပါတီ၊ ဘယ်ပုဂ္ဂိုလ်ကို မဲပေးရမလဲလို့ အထပ်ထပ်အပြန်ပြန် နှိုင်းယှဉ်စဉ်းစားရွေးချယ်ရတာဟာ လူတိုင်းအတွက် စိတ်ဝင်စားစရာ အာရုံစူးနစ်မှုတစ်ရပ်ဖြစ်နေပါပြီ။ ဒါတွေကိုကြည့်ရင် ၂၀၁၀ ရွေးကောက်ပွဲဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဟန်ချက်ညီ လှုပ်ရှားသက်ဝင်နေကြောင်း ထင်ရှားသလို အောင်မြင်တဲ့၊ လွတ်လပ်ပြီးတရားမျှတတဲ့၊ စစ်မှန်တဲ့ ရွေးကောက်ပွဲတစ်ရပ်ရဲ့ လားရာလမ်းကြောင်းအတိုင်း အရှိန်အဟုန်ပြင်းပြင်းနဲ့ ချီတက်နေပြီဆိုတာလည်း အသေအချာကို ဖော်ညွှန်းနေပါတယ်။ အောင်မြင်တဲ့ ရွေးကောက်ပွဲကြီးအဖြစ် သမိုင်းတစ်ကွေ့မှာ မော်ကွန်းတင်ရစ်နိုင်မှာ မုချပါပဲ။

…ကြရမှာသာဖြစ်ပါ…
အတွက် မိမိဖြစ်စေ…
တာဝန်တစ်ရပ်ပဲဖြ…
စကားတွေကို နား…
ကြပါတယ်။

ဒီနေရာမှာ မိ…
ထူးခြားတဲ့ အကျိုး…
မှန်ပါတယ်။ တစ်ဦ…
တော့ ထူးခြားကြီး…
ဖြစ်ပေါ်စေနိုင်ခြင်း…
ပေါင်းစည်းသွားတဲ့…
တည်လာပါလိမ့်မ…
လာတဲ့ အကျိုးရလ…
အဖြေကို ပေးစွမ်း…
ပေါင်းများစွာ ပေါ…
မြန်မာပြည်သူတို…
လူတစ်ဦးချင်းစီရဲ့…
တည်ဆောက်ရတဲ့…
ကြဖို့ ကိုယ်စီတာ…

ကျွန်တော့်အ…
ချင်တဲ့ စိတ်ကော…
အောင်မြင်နိုင်မှာဖြ…
ကြီးမားပြီး ခိုင်မာ…
မဲရုံကိုသွားတယ်၊ မဲ…
အလုပ်လည်း မဟု…
နိုင်ငံရဲ့ ရွေးကော…
တယ်ဆိုတဲ့ အညွှ…
နိုင်ငံရေးအသိအမြ…
တစ်ရပ်ပဲဖြစ်ပါတ…
နိုးကြားထက်သန်မှ…

မှုဖြင့်
တ်ကို
ပါစေ

တယ်လို့ ဆိုရမှာပါပဲ။
င်ပါဝင်စိုက်ပျိုးကြရမှာပဲ
ျိုးဖို့တော့ ပျက်ကွက်ပြီး
ခိုးဆွတ်စားသုံးလိုတယ်
လူတိုင်းနားလည်ကြပြီး

ဥ်သာ)

န်ဆိုတာ ဒွန်တွဲလျက်
ရှောင်လွှဲချင်လို့ မရနိုင်
းစံစားကြရမှာဖြစ်သလို
စီကိုယ်င ထမ်းဆောင်

ကြရမှာသာဖြစ်ပါတယ်။ ဒီတော့ ဆန္ဒမဲပေးခြင်းဆိုတာလည်း နိုင်ငံတော်အတွက် မိမိဖြစ်စေချင်တဲ့ဆန္ဒကို လွတ်လပ်ပွင့်လင်းစွာဖော်ပြရတဲ့ နိုင်ငံသားတာဝန်တစ်ရပ်ပဲဖြစ်တဲ့အတွက် ဆန့်ကျင်ဘက်အုပ်စုတွေရဲ့ သွေးထိုးလှုံ့ဆော်စကားတွေကို နားမယောင်ကြဘဲ ပြည်သူတိုင်း လွတ်လပ်စွာ ဆန္ဒမဲပေးသင့်ကြပါတယ်။

ဒီနေရာမှာ မိမိတစ်ယောက်ဆန္ဒမဲပေးခြင်း၊ မပေးခြင်းကြောင့် ဘာမှထူးခြားတဲ့ အကျိုးသက်ရောက်မှုမရှိနိုင်ပါဘူးလို့ ယူဆကြသူတချို့ရှိပါတယ်။ မှန်ပါတယ်။ တစ်ဦးတစ်ယောက်ရဲ့ ဆန္ဒမဲတစ်ပြားဟာ ချက်ချင်းလက်ငင်းတော့ ထူးခြားကြီးမားတဲ့ အပြောင်းအလဲတစ်ရပ်၊ အကျိုးဆက်တစ်ရပ်ကို ဖြစ်ပေါ်စေနိုင်ခြင်း ရှိကောင်းမှရှိပါမယ်။ ဒါပေမယ့် တစ်ဦးချင်းစီရဲ့ ဆန္ဒမဲတွေ ပေါင်းစည်းသွားတဲ့အခါ ကြီးမားတဲ့အင်အားစုတစ်ရပ် မလွဲမသွေ ဖွဲ့စည်းဖြစ်တည်လာပါလိမ့်မယ်။ အဲဒီအင်အားစုတွေ စုစည်းချိတ်ဆက်ပြီး ထွက်ပေါ်လာတဲ့ အကျိုးရလဒ်ကတော့ အနာဂတ်နိုင်ငံ့အရေးအတွက် ခိုင်မာသေချာတဲ့ အဖြေကို ပေးစွမ်းနိုင်ပါတယ်။ နှမ်းတစ်စေ့နဲ့ ဆီမဖြစ်နိုင်ပေမယ့် နှမ်းစေ့ပေါင်းများစွာ ပေါင်းစည်းခဲ့မယ်ဆိုရင် မုချ ဆီဖြစ်နိုင်တာကို ကျွန်တော်တို့မြန်မာပြည်သူတိုင်း နားလည်ပြီးဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာဟာ လူတစ်ဦးချင်းစီရဲ့ စုပေါင်းအား၊ ပြည်သူများရဲ့ စုပေါင်းစွမ်းအားနဲ့ ထူထောင်တည်ဆောက်ရတဲ့ စနစ်မျိုးဖြစ်လို့ ပြည်သူအားလုံး ပူးပေါင်းလက်တွဲပါဝင်ကြဖို့ ကိုယ်စီတာဝန်ရှိကြတယ်ဆိုတာ မမေ့စေချင်ပါဘူး။

ကျွန်တော့်အမြင်ပြောရရင် လူတစ်ဦးချင်းစီက အများအကျိုး သယ်ပိုးချင်တဲ့ စိတ်ကောင်းစေတနာရှိကြပါမှ အဲဒီလူ့အဖွဲ့အစည်းဟာ တိုးတက်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ တစ်ဦးချင်းစုပေါင်းတဲ့စွမ်းအားဟာ အင်မတန်ကြီးမားပြီး ခိုင်မာတောင့်တင်းလှတာကို အားလုံး နားလည်ခံယူကြရပါမယ်။ မဲရုံကိုသွားတယ်၊ မဲပေးတယ်ဆိုတာ ပင်ပန်းတဲ့အလုပ်မဟုတ်ပါဘူး။ ခက်ခဲတဲ့အလုပ်လည်း မဟုတ်ပါဘူး။ ဒါပေမယ့် ပြည်သူသန်းပေါင်းများစွာက ကိုယ့်နိုင်ငံရဲ့ ရွေးကောက်ပွဲမှာ မဖြစ်မနေ တာဝန်ကျေစွာ ရာနှုန်းပြည့် မဲပေးကြတယ်ဆိုတဲ့ အညွှန်းကိန်းဟာ မိမိတို့ပြည်သူလူထုရဲ့ နိုင်ငံရေးနိုးကြားမှုနဲ့ နိုင်ငံရေးအသိအမြင် မြင့်မားမှုကို ဖော်ပြနေတဲ့ အမျိုးသားရေးအညွှန်းကိန်းတစ်ရပ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာပြည်သူတွေရဲ့ နိုင်ငံရေးအသိနိုးကြားထက်သန်မှုကို ကမ္ဘာကသိအောင်၊ နိုင်ငံတကာကသိအောင် ပြသ

> **ယနေ့ရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုနဲ့ ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်တွေကို ဒို့ထက်ပိုပြီး ခိုင်မာကောင်းမွန်အောင် မြှင့်တင်တည်ဆောက်ဖော်ဆောင်ပေးနိုင်လောက်တဲ့ စီမံခန့်ခွဲမှုအတွေ့အကြုံ ပြည့်ဝရင့်ကျက်ပြီး အစဉ်အလာကြီးမားတဲ့ ပါတီမျိုး၊ အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး မိဘပြည်သူများရဲ့ လိုအင်ဆန္ဒမှန်သမျှကို ဖြည့်စွမ်းဖော်ဆောင်ပေးသွားနိုင်မယ့် အရည်အချင်းပြည့်တဲ့ ပုဂ္ဂိုလ်မျိုးကို မှန်ကန်စွာ ရွေးချယ်ကြစေချင်ပါတယ်။**

ဂုဏ်ယူနိုင်တဲ့ အညွှန်းကိန်းဖြစ်တယ်ဆိုတာကို အားလုံးသိမြင်ခံယူကြစေလိုပါတယ်။

ဒါကြောင့် မဲပေးခွင့်ရှိတဲ့ မြန်မာပြည်သူတိုင်း မပျက်မကွက် တာဝန်ကျေစွာ မဲပေးကြရပါမယ်။ ကိုယ်မပေးလည်း သူများပေးလိမ့်မယ်ဆိုတဲ့ အချောင်သမားအတွေးအခေါ်မျိုးကို မောင်းထုတ်ကြရပါမယ်။ "မဲမပေးနဲ့၊ သပိတ်မှောက်ကြ"ဆိုတဲ့ ပြည်ပလက်ဝေခံ ပုဆိန်ရိုးတို့ရဲ့ အဖျက်အမှောင့် သွေးထိုးလှုံ့ဆော်စကားတွေကို တစ်ခဲနက် ဆန့်ကျင်ဖယ်ရှားကြရပါမယ်။ နိုင်ငံအတွက်၊ ပြည်သူအတွက်၊ အများအတွက် ကိုယ်ကျရာတာဝန်ကို မငြင်းပယ်ဘဲ မိမိဆန္ဒကို လွတ်လပ်စွာ ထုတ်ဖော်မဲပေးခြင်းအားဖြင့် တာဝန်ယူမှု၊ တာဝန်ကျေပွန်မှုကို ပြသကြရပါမယ်။ လူတိုင်းကိုယ်စီ မဲပေးခြင်းဖြင့် ကိုယ့်နိုင်ငံရဲ့ ဒီမိုကရေစီအုတ်မြစ်တွေ ခိုင်မာသည်ထက် ခိုင်မာလာအောင် တည်ဆောက်ကြရပါမယ်။

အခုဆိုရင် မဲပေးရမယ့်နေ့က နီးသည်ထက်နီးလာပါပြီ။ ကျွန်တော်တို့ လိုလားတောင့်တခဲ့ရတဲ့ ဒီမိုကရေစီပန်းတိုင်ကလည်း လှမ်းကိုင်လို့တောင်ရနိုင်လောက်အောင် လက်တစ်ကမ်းကိုရောက်နေပါပြီ။ဒီတော့ ဒီမိုကရေစီနဲ့ ထိုက်တန်တဲ့ နိုင်ငံသားများဖြစ်ကြောင်း တာဝန်သိသိ မဲပေးရင်း ကမ္ဘာသိပြသကြရမှာပဲ ဖြစ်ပါတယ်။

ကဲ. . မဲပေးကြပါပြီ၊ ဘယ်လိုပါတီ၊ ဘယ်လိုပုဂ္ဂိုလ်မျိုးကို မဲပေးကြမှာလဲ။ အလွယ်ဆုံးပြောရရင် မိမိနှစ်သက်ရာပါတီ၊ နှစ်သက်ရာပုဂ္ဂိုလ်ကို လွတ်လပ်စွာ မဲပေးနိုင်ပါတယ်။ ဒါပေမယ့် မိမိတို့ရဲ့အနာဂတ်ကို စစ်မှန်စွာ ပုံဖော်တည်ဆောက်ပေးနိုင်မယ့်၊ မိမိတို့အကျိုးစီးပွားကို ရှေးရှုဖော်ဆောင်ပေးနိုင်မယ့် ပါတီနဲ့ ပုဂ္ဂိုလ်များကို ကိုယ်ပိုင်ဦးနှောက်နဲ့ မှန်ကန်စွာ ရွေးချယ်နိုင်ဖို့ အရေးကြီးတယ်ဆိုတာလည်း မမေ့သင့်ပါဘူး။

ပြောရရင် **ယနေ့ရရှိထားပြီးဖြစ်တဲ့ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုနဲ့ ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်တွေကို ဒို့ထက်ပိုပြီး ခိုင်မာကောင်းမွန်အောင် မြှင့်တင်တည်ဆောက်ဖော်ဆောင်ပေးနိုင်လောက်တဲ့ စီမံခန့်ခွဲမှုအတွေ့အကြုံ ပြည့်ဝရင့်ကျက်ပြီး အစဉ်အလာကြီးမားတဲ့ ပါတီမျိုး၊ အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်ပြီး မိဘပြည်သူများရဲ့ လိုအင်ဆန္ဒမှန်သမျှကို ဖြည့်စွမ်းဖော်ဆောင်ပေးသွားနိုင်မယ့် အရည်အချင်းပြည့်တဲ့ ပုဂ္ဂိုလ်မျိုးကို မှန်ကန်စွာ ရွေးချယ်ကြစေချင်ပါတယ်။** ဒါမှသာ အဲဒီမဲပေးတဲ့ မဲဆန္ဒရှင်အပါအဝင် နိုင်ငံနဲ့ ပြည်သူတစ်ရပ်လုံးရဲ့ အနာဂတ်က လှပသာယာနိုင်မှာဖြစ်ပါတယ်။ ဒီလိုမဟုတ်ဘဲ အစဉ်အလာမရှိတဲ့၊ လတ်တလောပေါ်ပင်ပြောတာ၊ ဟောတာ၊ စည်းရုံးတာကိုကြည့်ပြီး ခိုင်မာရေရာမှုမရှိတဲ့၊ အပြောသာရှိပြီး လက်တွေ့မပါတဲ့ ပါတီမျိုး၊ ပုဂ္ဂိုလ်မျိုးကို ရွေးမိမယ်ဆိုရင်တော့ နိုင်ငံနဲ့ ပြည်သူရဲ့ အနာဂတ်က မလှပရုံမကဘဲ ကံမကောင်းရင် အနာဂတ်ပါ ပျောက်သွားနိုင်တယ်ဆိုတာ ပြည်သူအားလုံး နှလုံးသွင်းထားသင့်လှပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း ယခုလာမယ့်ရွေးကောက်ပွဲဟာ ပြည်သူများရဲ့ လိုလားချက်ဆန္ဒကို အလေးထားပြီး အကောင်အထည်ဖော်ပေးနေတဲ့ မူဝါဒလမ်းစဉ် (၇) ရပ်ရဲ့ အဆင့် (၅) ပဲ ဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲမှာ ပြည်သူ့ဆန္ဒမဲနဲ့ အရွေးချယ်ခံရသူများဟာ အဆင့် (၆)ဖြစ်တဲ့ လွှတ်တော်အသီးသီးမှာ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ရရှိကြမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များဖြစ်လာကြပြီး လွှတ်တော်အတွင်း နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ဥပဒေပြုရေးဆိုင်ရာကိစ္စအဝဝမှာ လွတ်လပ်စွာ ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ကြမှာဖြစ်သလို ဒီမိုကရေစီနည်းလမ်းတကျ ကျင့်သုံးဆုံးဖြတ် အကောင်အထည်ဖော်နိုင်ခွင့်များကိုလည်း မလွတ်တမ်း ရရှိလာကြမှာဖြစ်ပါတယ်။ အလားတူ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းပြီး အဲဒီ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအဖွဲ့များနဲ့ အဆင့် (၇) ဖြစ်တဲ့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ကြမှာပဲ ဖြစ်ပါတယ်။

ချုပ်ပြီးပြောရရင် ကျွန်တော်တို့ဟာ ၁၉၉၀ ခုနှစ်က ပြည်သူတွေ မဟုတ်တော့ပါဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအပြင် နိုင်ငံတကာအမြင်အသိဗဟုသုတများပါ မြင့်မားပြီး အကြောင်းအကျိုး အကောင်းအဆိုးကို ကောင်းကောင်းခွဲခြားနားလည်နိုင်တဲ့ အတွေးအခေါ်မြင့်မားတဲ့ အရည်အသွေးမြင့် ပြည်သူတွေဖြစ်နေကြပါပြီ။ အရင်တုန်းကလို နိုင်ငံရေးသမားတွေရဲ့ မစားရဝခမန်း ပြောသမျှဟောသမျှကို လက်ခံယုံကြည်ပြီး ပုဂ္ဂိုလ်ရေး ပေါ်လွင်ထင်ရှားမှုကို ရွေးချယ်ထောက်ခံကြတော့မှာ မဟုတ်ပါဘူး။ ကောင်းတာလုပ်ရင် ကောင်းမှန်းသိပြီး ထောက်ခံအားပေးသွားကြမှာဖြစ်သလို မကောင်းတာကိုလည်း မကောင်းမှန်းသိပြီး ငြင်းပယ်ဆန့်ကျင်သွားကြမှာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်သူများအနေနဲ့ လာမယ့်ရွေးကောက်ပွဲမှာ နိုင်ငံရေးအသိ နိုးကြားထက်သန်စွာနဲ့ အနာဂတ်နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းဆောင်မြှင့်တင်ပေးနိုင်မယ့် ပြည်သူ့ကိုယ်စားလှယ်လောင်းတွေကို မှန်မှန်ကန်ကန်ဆန္ဒမဲပေးရွေးချယ်ပြီး အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို အောင်မြင်စွာဖွင့်လှစ်မော်ကွန်းတင်နိုင်ကြပါစေကြောင်း ဆုမွန်တောင်းလိုက်ရပါတယ် ခင်ဗျား။ ။

မဲပေးဂုဏ်ယူကြပါစို့

❖ ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတို့
မခြားခွင့်ရေး၊ ရဖို့တွေးလျက်
ရေးဆွဲတူစုံ၊ ဖွဲ့စည်းပုံကား
ဂုဏ်ဒြပ်ထည်ဝါ တည်ခဲ့ပြီ . .။

❖ ဖွဲ့စည်းပုံမှ၊ လမ်းညွှန်ပြသည့်
တူမျှရေးခွင့်၊ အဆင့်ဆင့်ဖြင့်
ရသင့်ရှိသင့်၊ မကျန်လင့်အောင်
မြှင့်တင်နိုင်ရေး၊ မျှော်ရည်တွေးလျက်
မဲပေးရွေးချယ် ကိုယ်စားလှယ်တို့
သွယ်သွယ်ပြည်ကျိုး ဆောင်ကြမည်။

❖ ထုဆစ်ပုံဖော်၊ နိုင်ငံတော်တွက်
လွှတ်တော်သတ်မှတ်၊ အရပ်ရပ်ကို
ဆက်စပ်လျှောက်လှမ်း၊ နိုင်ငံ့လမ်းတွင်
စည်းကမ်းညီစွာ၊ ဖြစ်တည်လာဖို့
သူငါချင့်တွေး၊ ကြိုက်ရာရွေးလျက်
မဲပေးနိုင်ခွင့် ကြုံကြပြီ . .။

❖ ဒီမိုကရေစီ၊ စနစ်ညီသည့်
ရွှေပြည်ရည်မျှော်၊ နိုင်ငံတော်ကား
ပုံပေါ်တော့မည်၊ မကြာပြီတည့်
မြန်ပြည်မွေးဖွား၊ မြန်ပြည်သားတို့
တို့များရှေ့ရေး၊ ကိုယ်တိုင်ရွေးကာ
မဲပေးဂုဏ်ယူကြပါစို့ . . .။

အောင်ခန့်မင်း

မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပျက်ပြားစေရန်၊ ရရှိထားပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် နှောင့်နှေးရပ်တန့်သွားစေရန် မလျော်ကန်သည့် အကြံဆိုးများဖြင့် အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများ၏ အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး ကြံစည်ကြိုးပမ်းဆောင်ရွက်မှုများ ဖော်ထုတ်ဖမ်းဆီးရမိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ ပူးပေါင်းကူညီမှုဖြင့် လက်ဦးမှုရယူဖမ်းဆီးနိုင်ခဲ့

ဤသို့ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်ဆိုးကြီးများအား အချိန်မီကာကွယ်တားဆီးနိုင်ခဲ့ခြင်းသည် ပြည်သူလူထု၏ ပူးပေါင်းပါဝင် ကူညီဆောင်ရွက်မှုကြောင့်ဖြစ်

နေပြည်တော် အောက်တိုဘာ ၂၆

နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၏ ပူးပေါင်းပါဝင်လက်တွဲမှုဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း မကြာမီ ကျင်းပတော့မည့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တည်ငြိမ်၊ အေးချမ်း၊ အောင်မြင်စွာ ကျင်းပပြီးစီးရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ သို့ရာတွင် ပြည်ပလက်ဝေခံ အကြမ်းဖက်သောင်းကျန်းသူများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး မအောင်မြင်စေရန် အကြံဆိုးဖြင့် ပြည်တွင်း၌ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ကြံစည်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြသည်။

၂၀၁၀ခုနှစ် အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခန့်တွင် လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ပြည်သူလူထု၏ သတင်းပေးချက်အရ သင်္ကာမကင်းဖွယ် ဖြစ်သူ လှည်းကူးမြို့နယ်နေ အောင်မျိုးသူ (၂၉)နှစ်အား ပဲခူးဒီဂရီကောလိပ်ရှေ့ အများသုံးတယ်လီဖုန်းရုံအနီး၌ တွေ့ရှိသဖြင့် ခေါ်ယူ စိစစ်မေးမြန်းခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းသည် ပဲခူး ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈) ရွှေနှလုံးတော်ဘုရားကျောင်းဝင်းအနီး၌ မြေမြှုပ်သိုဝှက်ထားသည့် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို လာရောက် ယူဆောင်ခြင်း ဖြစ်ကြောင်း၊ ၎င်းကိုစေခိုင်းသူမှာ မင်းမင်းထွန်းဆိုသူဖြစ်ကြောင်း ဖော်ထုတ်သိရှိရသဖြင့် မင်းမင်းထွန်း(ခ)လပြည့်(ခ) ခင်ဇော်အား အောက်တိုဘာ ၁၅ ရက် နံနက် ၇ နာရီခွဲတွင် ဒေသခံပြည်သူများ၏ အကူအညီဖြင့် ပဲခူးမြို့ ဇိုင်းကနိုင်း(တောင်)ရပ်ကွက်ရှိ ဟာဒယလက်ဖက်ရည်ဆိုင်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

၎င်းတို့အား ဆက်လက်စစ်ဆေးဖော်ထုတ်ရာမှ ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈) ရွှေနှလုံးတော်ဘုရားကျောင်းအတွင်း နေထိုင်ကြပြီး ဖောက်ခွဲရေးပစ္စည်းများကို လက်ခံသိုဝှက်သိမ်းဆည်းထားသည့် ဝင်းမြင့်၊ တစ်ဖက်နိုင်ငံ၌ ဖောက်ခွဲရေးသင်တန်း တက်ရောက်ပြီး ၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် ပဲခူးမြို့ ရပ်ကွက်ကြီး(၈) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးကို မိုင်းထောင်ဖောက်ခွဲခဲ့သူ ထွန်းဦးနှင့် ဆက်စပ်တရားခံဖြစ်သော ကံမင်းသာ(ခ) ဆရာကံ(ခ)ဖရန်စစ်တို့အား ဖမ်းဆီးရမိခဲ့သည်။ ၎င်းတို့အား စိစစ်ဖော်ထုတ်ချက်များအရ ၂၀၁၀ခုနှစ် အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီ ၂၅ မိနစ်ခန့်တွင် ပဲခူးမြို့ ရွှေနှလုံးတော်ဘုရားကျောင်းအနီး ဘုရားသုံးဆူ သင်္ချိုင်းအစပ်၌ ပလတ်စတစ်ပုံးအတွင်းထည့်၍ မြေမြှုပ်သိုဝှက်ထားသော အောက်ပါ ဖောက်ခွဲရေး ပစ္စည်းများကို ဆက်လက် သိမ်းဆည်းရမိခဲ့သည်-

(က) TNT ယမ်းတုံး (၂၀၀)ဂရမ်	၅	တုံး
(ခ) လျှပ်စစ်ဒီတိုနေတာ	၁၀	ချောင်း
(ဂ) ယမ်းကြိုး	၈	ပေ
(ဃ) ၉၁ လက်ပစ်ဗုံး(ဖြူးစ်ပါ)	၁	လုံး
(င) အဝေးထိန်းခလုတ်	၁	ခု
(စ) ချိန်ကိုက်နာရီ	၁	လုံး
(ဆ) ဓာတ်ခဲထည့်အိမ်	၃	ခု
(ဇ) လမ်းလျှောက်စကားပြောစက် ၁		လုံး
(ဈ) ရှော့တိုက်မီးသီး	၁	လုံး

ဖမ်းဆီးရမိ အကြမ်းဖက်ဖောက်ခွဲရေး သမား မင်းမင်းထွန်း(ခ)လပြည့်(ခ) ခင်ဇော်သည် မြဝတီတွင် အလုပ်အကိုင်ရှာဖွေရန်အတွက် ၂၀၁၀ ခုနှစ် မေ ၁၆ ရက်တွင် ဇနီးဖြစ်သူ မလေးလေးသင်း၊ တူတော်စပ်သူ နိုင်လင်းတို့နှင့် အတူ ရန်ကုန်မှ မြဝတီသို့ မှန်လုံယာဉ်ဖြင့် သွားရောက်ခဲ့ရာ ကားပေါ်ပါလာသူ အမည်မသိသူ တစ်ဦးမှတစ်ဆင့် ABSDF အကြမ်းဖက်သောင်းကျန်းသူ ဒုတိယ ဗိုလ်မှူးကြီးအဆင့်ရှိ ဝေလင်းဇင်၊ အဖွဲ့ဝင် ခင်ကျော်တို့နှင့် ဆက်သွယ်မှု စတင်ရရှိခဲ့သည်။ ၎င်းနောက် ဝေလင်းဇင်က မင်းမင်းထွန်းအား ပြည်တွင်းဖောက်ခွဲရေးလုပ်ငန်းများကို လုပ်ဆောင်ပေးရန် စည်းရုံးပြောဆိုပြီး တစ်ဖက်နိုင်ငံ နယ်စပ်မြို့၌ နေအိမ်နှင့် စားစရာအနည်းငယ်ကို ထောက်ပံ့စီမံပေးခဲ့ပြီး ဖောက်ခွဲဖျက်ဆီးရေး သင်ခန်းစာများကို စာတွေ့၊ လက်တွေ့ သင်ကြားပေး၍ ရန်ကုန်မြို့ (၁၀)မိုင်ကုန်းနှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ဖောက်ခွဲရန် တာဝန်ပေးခဲ့ကြောင်းနှင့် ဖောက်ခွဲဖျက်ဆီးရေးစရိတ်ငွေ ဘတ် ၆၅၀၀ (မြန်မာငွေကျပ်နှစ်သိန်းခန့်)ကို ပေးခဲ့ကြောင်း သိရသည်။ ဖောက်ခွဲရေးသမား မင်းမင်းထွန်းသည် ၂၀၁၀ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် မဲဆောက်မှ ပြန်လည်ထွက်ခွာခဲ့ရာ အောက်တိုဘာ ၁၁ ရက် နံနက် ၅ နာရီခွဲတွင် ပဲခူးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။ မင်းမင်းထွန်းသည် ပဲခူး၌ သူငယ်ချင်းဖြစ်သူ အောင်မျိုးသူနှင့်တွေ့ဆုံပြီး ဖောက်ခွဲရေးလုပ်ငန်းများဆောင်ရွက်ရန် စည်းရုံး၍ အောင်မျိုးသူအား ဖောက်ခွဲရေးပစ္စည်းများ သွားရောက်ယူဆောင်ရန် စေခိုင်းစဉ် ၎င်းတို့ နှစ်ဦးစလုံး ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

အဆိုပါ ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများကို တစ်ဖက်နိုင်ငံမှတစ်ဆင့် ပေးပို့

စာမျက်နှာ ၁၁ ကော်လံ ၁ သို့✻



ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး (၈) နာဂဝန်သိမ်လမ်းရှိ ရွှေနှလုံးတော်ဘုရားကျောင်းအနီး ဘုရားသုံးဆူ သင်္ချိုင်းအစပ်မှ တူးဖော်သိမ်းဆည်းရမိသော ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများကို တွေ့ရစဉ်။

ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ

[(၁) TNTယမ်းတုံးများ၊ (၂) လျှပ်စစ်ဒီတိုနေတာ၊ (၃) ယမ်းကြိုး၊ (၄) ၉၁လက်ပစ်ဗုံး၊ (၅) အဝေးထိန်းခလုတ်၊ (၆) ချိန်ကိုက်နာရီ၊ (၇) ဓာတ်ခဲထည့်အိမ်၊ (၈) လမ်းလျှောက်စကားပြောစက်၊ (၉) ရှော့တိုက်မီးသီး]

တရားခံ ထွန်းဦးနှင့် ဝင်းမြင့်တို့က ဖောက်ခွဲရေးပစ္စည်းများ မြှုပ်နှံထားခဲ့သည့် နေရာကို လိုက်လံပြသစဉ်။

တရားခံ ထွန်းဦးက ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ဗုံးထောင်ခဲ့သည့် အနေအထားကို ပြန်လည်သရုပ်ပြနေစဉ်။

တိုင်းမှူး ပိုလ်မှူးချုပ်စိုးသိန်းနှင့် ဝန်ကြီးများ စစ်တွေခရိုင်နှင့် ကျောက်ဖြူခရိုင်တို့အတွင်း မြို့နယ်နှင့် ကျေးရွာများရှိ လူနေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများ ပျက်စီးမှုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၂၆

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဆွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့သည် အောက်တိုဘာ ၂၅ ရက် နံနက်ပိုင်းတွင် ကျောက်ဖြူမြို့မှ မြေပုံမြို့နယ် ကျွန်းသာယာကျေးရွာ ယာယီကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး လေဘေးဒဏ်ခံ ကျွန်းသာယာ ကျေးရွာရှိ ပြည်သူများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားကြသည်။ ထို့နောက် ကျွန်းသာယာကျေးရွာ မုန်တိုင်းသင့်ပြည်သူများအတွက် ဆန်အိတ်များ၊ စားသုံးဆီများ၊ စောင်နှင့် အဝတ်အထည်များ၊ သောက်ရေသန့်နှင့် ဆေးဝါးပစ္စည်းများ အပါအဝင် လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် အမိုးအကာ တာပေါ်လင်စများကို ပေးအပ်ကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် မြေပုံမြို့နယ် ကမ်းထောင်းကြီးကျေးရွာသို့ ရောက်ရှိကြပြီး မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများအတွက် လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးကြသည်။ဆက်လက်၍ ကမ်းထောင်းကြီးကျေးရွာအတွက် ဆန်အိတ်များ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ အလှူငွေနှင့်ထောက်ပံ့ငွေများ အသီးသီး ပေးအပ်ကြသည်။

ပျက်စီးဆုံးရှုံးမှုများကြည့်ရှု

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ညနေ ၄ နာရီတွင် မြေပုံမြို့သို့ ရောက်ရှိကြပြီး မြေပုံမြို့နယ်အတွင်း လေဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် မြေပုံမြို့နယ် ရွာကျောင်းဘောလုံးကွင်း၌ လေဘေးသင့် အိမ်ထောင်စုများအား ရွက်ဖျင်တဲများဖြင့် ယာယီနေရာချထားပေးမှု၊ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးအဖွဲ့ ဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန ကယ်ဆယ်ရေးဆေးပေးခန်း ဖွင့်လှစ်ကုသပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လေဘေးသင့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို ပေးအပ်ကာ အားပေးစကား ပြောကြားကြသည်။

ထောက်ပံ့ပေးအပ်

ယင်းနောက် မြေပုံမြို့ အခြေခံပညာ အထက်တန်းကျောင်း လေဘေးစခန်းရှိ အိမ်ထောင်စုဝင်များအတွက် လေဘေး ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပြီး မြို့နယ်ပြည်သူ့ဆေးရုံ (မြေပုံ)သို့ သွားရောက်လျက် လေဘေးသင့် လူနာများအား ကြည့်ရှုအားပေးကာ ခေါက်ဆွဲခြောက်၊ စားသောက်ကုန်နှင့် ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးများသည် မြေပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြေပုံမြို့ လေဘေးသင့်ပြည်သူများ ကယ်ဆယ်ရေး ပစ္စည်း ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က ကယ်ဆယ်ရေး ပစ္စည်းများကို လေဘေးသင့် ပြည်သူများအား ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ထို့နောက် ညပိုင်းတွင် တိုင်းမှူး၊ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့သည် ဌာနဆိုင်ရာ တာဝန်ရှိသူတို့နှင့်အတူ လေဘေးသင့်ဒေသများ ကယ်ဆယ်ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို ညှိနှိုင်းဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

လေဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသများကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်၍ ဖွံ့ဖြိုးတိုးတက်သော မြို့များဖြစ်လာစေရန် နိုင်ငံတော်နှင့် ဒေသခံပြည်သူများက ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီး ဦးသိန်းဆွေ မြေပုံမြို့၌ လေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေ မြေပုံမြို့၌ လေဘေးသင့် အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေး ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကယ်ဆယ်ရေးပစ္စည်းများပေးအပ်

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း မြေပုံမြို့၌ လေဘေးသင့်အိမ်ထောင်စုများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

✳စာမျက်နှာ ၁၀ မှ

အပ်နှံ စေခိုင်းသူမှာ ABSDF အကြမ်းဖက်သောင်းကျန်းသူ ဖောက်ခွဲရေးသမား အောင်ဝင်းနိုင်(ခ) စတီဗင်(ခ)ထွန်းထွန်း ဆိုသူဖြစ်သည်။ ၎င်းသည် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများအား KNU သောင်းကျန်းသူအဖွဲ့ထံမှတစ်ဆင့် ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈) ရွှေနှလုံးတော်ဘုရားကျောင်းအတွင်းနေထိုင်သော ဝင်းမြင့်ထံ ဆက်သွယ်ပေးပို့ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့သည် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် (၁၀) မိုင်ကုန်းတစ်ဝိုက်၌ လတ်တလော ဖောက်ခွဲဖျက်ဆီးရန် သတ်မှတ်လျာထားခဲ့ပြီး နောက်ဆက်တွဲအဖြစ် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ၊ လူအများ အေးချမ်းစွာ စုစည်းသွားလာတတ်သည့် စည်ကားရာနေရာများ၌ ဖောက်ခွဲဖျက်ဆီးရန် စီမံဆောင်ရွက်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။ ယခုအခါ ရရှိသတင်းဆက်များအပေါ် မူတည်၍ ဆက်စပ်တရားခံများအား ဆက်လက် ဖော်ထုတ်အရေးယူနေဆဲဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိ ဖောက်ခွဲဖျက်ဆီးရေးသမားများအား ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူ KNU ၏ လက်ရင်းတပည့်ဖြစ်သည့် ဖောက်ခွဲရေးသမား ABSDF အဖွဲ့ဝင် အောင်ဝင်းနိုင်သည် ဖောက်ခွဲဖျက်ဆီးရေးလုပ်ရပ်များကို ၂၀၀၈ ခုနှစ်ကပင် စတင်ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။ အောင်ဝင်းနိုင်သည် ၂၀၀၈ ခုနှစ် မေလမှ ၂၀၁၀ ခုနှစ် ဇူလိုင်လအတွင်း ABSDF အဖွဲ့မှ ဒုတိယဗိုလ်မှူးကြီးအဆင့်ရှိ ဝေလင်းဇင်နှင့် ခင်ကျော်တို့၏ အစီအစဉ်ဖြင့် ထုတ်ပေးသော လက်နက်ခဲယမ်းနှင့် ဖောက်ခွဲဖျက်ဆီးရေး ပစ္စည်းများအား ပြည်တွင်းသို့ (၅)ကြိမ်ခန့် သယ်ဆောင်ခဲ့ပြီး ပဲခူးမြို့ ရွှေနှလုံးတော်ဘုရားကျောင်းဝင်းအတွင်းနေ ဝင်းမြင့်ထံ အပ်နှံထားရှိခဲ့ကြောင်း စစ်ကြောချက်များအရ သိရှိရသည်။

အကြမ်းဖက်သမား အောင်ဝင်းနိုင်၏ အစီအမံဖြင့် တတိယအကြိမ် ဖောက်ခွဲဖျက်ဆီးရေးပစ္စည်းများ ဝင်းမြင့်ထံရောက်ရှိပြီးချိန်တွင် ပြည်သူ့ပြောက်ကျားတပ်ဖွဲ့ဝင် ဖောက်ခွဲရေးသမား ကျော်ဇေလင်း(ခ)ကိုဆိုင်းဆိုသူက အောင်ဝင်းနိုင်နှင့်အတူ ၎င်းဖောက်ခွဲရေးပစ္စည်းများအားထုတ်ယူ၍ ၂၀၀၉ ခုနှစ် စက်တင်ဘာ ၁၆ ရက်ညက ရွှေပေါက်ကံမြို့သစ် Myanmar John A အထည်ချုပ်စက်ရုံအနီးနှင့် မင်္ဂလာဒုံမြို့နယ် Asia Optical မှန်ဘီလူး စက်ရုံဝင်းအတွင်း ချိန်ကိုက်မိုင်း(၇)လုံး ဖောက်ခွဲခဲ့သည်။ အဆိုပါ ဖောက်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်သူများ၏သတင်းပေးချက်အရ ကျော်ဇေလင်း(ခ)ကိုဆိုင်းအား ၂၀၁၀ခုနှစ် ဇန်နဝါရီ ၂၂ ရက် ည ၁၀ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်ရွာရှိ ပဋ္ဌမအလင်းစာအုပ်ဆိုင်၌ ဖမ်းဆီးရမိခဲ့သည်။ ၎င်းနောက် ပဋ္ဌမအလင်းစာအုပ်ဆိုင်နှင့် နေအိမ်အား ဆက်လက်ရှာဖွေဖော်ထုတ်ခဲ့ရာ စပိန်နိုင်ငံလုပ် Astra ဒသမ ၃၂ ပစ္စတို(၁)လက် အပါအဝင် ချိန်ကိုက်မိုင်းများ၊ ဒီတိုနေတာများ၊ ဆက်စပ်ပစ္စည်းများ အများအပြားနှင့် ဆက်စပ်တရားခံ စုစုပေါင်း(၁၁)ဦးကိုပါ ဖမ်းဆီးရမိခဲ့သည်။ အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၂၇ ရက် ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို ဇန်နဝါရီ ၂၈ ရက်ထုတ် သတင်းစာများ၌ ဖော်ပြပါရှိပြီးဖြစ်သည်။

၎င်းအပြင် ဖောက်ခွဲရေးသမား အောင်ဝင်းနိုင်၏ အစီအမံဖြင့် စတုတ္ထနှင့် ပဉ္စမအကြိမ် ပြည်တွင်းသို့ သယ်ဆောင်လာသော ဖောက်ခွဲရေးပစ္စည်းများအနက် အချို့အား အသုံးပြု၍ ၂၀၁၀ ခုနှစ် စက်တင်ဘာ ၂၉ ရက် ည ၉ နာရီ မိနစ် ၅၀ တွင် ထွန်းဦး ဦးဆောင်သောအဖွဲ့က ပဲခူးမြို့ ရပ်ကွက်ကြီး(၈) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအား အဝေးထိန်းစနစ်ဖြင့် မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း၊ ၎င်းနောက် ကျန်ရှိနေသည့် ဖောက်ခွဲရေးပစ္စည်းများကို ဖောက်ခွဲရေးသမား မင်းမင်းထွန်းနှင့် အောင်မျိုးသူတို့က လာရောက်တောင်းယူစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဤကဲ့သို့ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖော်ပြပါ ဖောက်ခွဲဖျက်ဆီးရေး အစီအမံအား လုံခြုံရေးတပ်ဖွဲ့ဝင်များကသာ အချိန်မီ တားဆီးဖော်ထုတ်ခြင်း မပြုနိုင်ပါက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် (၁၀) မိုင်ကုန်းဝန်းကျင်တို့၌ လည်းကောင်း၊ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ အချက်အချာနေရာများ၌ လည်းကောင်း ပျော်ရွှင်အေးချမ်းစွာ လှုပ်ရှားသွားလာနေကြမည့် အပြစ်မဲ့ ပြည်သူအများအပြားအတွက် ဝမ်းနည်းဖွယ်ရာ အဖြစ်ဆိုးကြီးများ မလွဲမသွေ ကျရောက်ကြုံတွေ့ကြရမည် ဖြစ်သည်။

အကြမ်းဖက်လူသတ်ဝါဒ

အကြမ်းဖက် ဖောက်ခွဲ ဖျက်ဆီးရေး သမားများသည် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ကို ငဲ့ကွက်မှုလုံးဝမရှိဘဲ အကြမ်းဖက်လူသတ်ဝါဒကိုသာ တစိုက်မတ်မတ် ကျင့်သုံး ဆောင်ရွက်လျက်ရှိသည့်အပြင် မကြာမီ ကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ပျက်ပြားစေရန် လည်းကောင်း၊ ယနေ့ ရရှိထားပြီးဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်များ နှောင့်နှေးရပ်တန့်သွားစေရန်လည်းကောင်း၊ ပြည်သူများအတွင်း အထိတ်တလန့်နှင့် ရုတ်ရုတ်သဲသဲ ဖြစ်ပွားစေရန်လည်းကောင်း မလျော်ကန်သည့် အကြံဆိုးများဖြင့် ဖောက်ခွဲဖျက်ဆီးရေး အကြမ်းဖက်အဖျက်လုပ်ရပ်များကို အရှိန်အဟုန်တိုးမြှင့် ကြိုးပမ်းကြံစည်ဆောင်ရွက်လျက်ရှိသည်။ ဤဖြစ်ရပ်သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ပျက်ပြားစေရန် ကြံစည်လုပ်ကိုင်နေသည့် ပြည်တွင်းရှိ ဆန့်ကျင်ဘက် အဖွဲ့အစည်းများနှင့် ပြည်ပအကြမ်းဖက် ဖောက်ခွဲရေးအုပ်စုများ ချိတ်ဆက်ဆောင်ရွက်နေမှုများပင် ဖြစ်သည်ဟု ပြည်သူတို့က ယူဆနေကြကြောင်းသိရသည်။ ယခု ဖမ်းဆီးရမိသည့် ဖြစ်စဉ်မှာလည်း ၎င်းတို့၏ အဖျက်လုပ်ငန်းအစီအမံများအနက် တစ်ခုအပါအဝင် ဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူလူထု၏ ပူးပေါင်းကူညီမှုဖြင့် ယခုကဲ့သို့ လက်ဦးမှုရယူ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ရပ်ဆိုးကြီးများအား ပြည်သူလူထု၏ ပူးပေါင်း ပါဝင်ကူညီဆောင်ရွက်မှုကြောင့် အချိန်မီကာကွယ်တားဆီးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကလေး-ကျီကုန်းလမ်းပေါ်ရှိ နေရဥ္စရာတံတား ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတား တည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၁)က တာဝန်ယူတည်ဆောက်ပြီးစီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကလေး-ကျီကုန်းလမ်းပေါ်ရှိ ပေ ၂၇၀ ရှည် သံကူကွန်ကရစ်လွန်တူးပိုင် တံတားအမျိုးအစား နေရဥ္စရာတံတား ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းတွင် အဆိုပါတံတားအနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အကအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံပြည်သူများ တက်ရောက် အားပေးကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက တံတားဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူများကိုယ်စား ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ရင်းရင်းနှီးနှီး

ထို့နောက် တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် တံတားဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူတို့က နေရဥ္စရာတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် ဧည့်ပရိသတ်များနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့တွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ တိုင်းမှူးက နေရဥ္စရာတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များသည် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို အမွှေးနံ့သာများ ပက်ဖျန်းပေးကာ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

နေရဥ္စရာတံတား အမျိုးအစားမှာ အပေါ်ထည် ကြိုတင်အားဖြည့်ကွန်ကရစ်၊ အောက်ထည် သံကူကွန်ကရစ် လွန်တူးပိုင်ဖြင့် တည်ဆောက်ထားပြီး စုစုပေါင်း တံတားအရှည် ပေ ၂၇၀၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

၂၄၇စင်းမြောက်

ယခုဖွင့်လှစ်သည့် နေရဥ္စရာတံတားမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပေ ၁၈၀ နှင့်အထက်တံတား ၂၄၇စင်းမြောက်ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အနေဖြင့် ၁၉ စင်းမြောက် တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည့် တံတားဖြစ်သည်။

နေရဥ္စရာတံတားကို ဖွင့်လှစ်ပေးခဲ့သည့်အတွက် တမူးမှ မုံရွာအထိ မော်တော်ယာဉ်များဖြင့် အချိန်တိုအတွင်း အလွယ်တကူလျင်မြန်စွာ သွားလာနိုင်မည်ဖြစ်ပြီး နယ်စပ်ကုန်သွယ်ရေးကိုလည်း ပိုမိုမြန်ဆန်စွာဖြင့် ပို့ဆောင်ကုန်သွယ်နိုင်တော့မည်ဖြစ်သကဲ့သို့ ဤဒေသတွင်ရှိသည့် ပြည်သူများအနေဖြင့် စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးတို့ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

(သတင်းစဉ်)



စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ကလေး-ကျီကုန်းလမ်းပေါ်ရှိ နေရဥ္စရာတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် နေရဥ္စရာတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မင်းဗထူး၏ ပြောင်းလဲခြင်းဖြင့် တိုးတက်စေ ဖြန့်ချိ

နေပြည်တော် အောက်တိုဘာ ၂၆

လူတို့သည် ပြောင်းလဲခြင်းအကြောင်းကို တွင်တွင်ပြောနေကြသည်။ ပြောင်းလဲခြင်းမရှိလျှင် တိုးတက်ခြင်းဆိုတာ မရှိနိုင်၊ တိုးတက်ခြင်းသာမရှိလျှင် လူ့ဘဝသည် အမှန်တကယ် ရှင်သန်နေမည်မဟုတ်၊ ထို့ကြောင့် အရာရာကို ပြောင်းလဲရန်လိုသည်ဟုဆိုကြသည်။ သို့သော် ထိုသူတို့သည် မိမိကိုယ်ကို ပြောင်းလဲရန်တော့ တစ်ခါမျှ မစဉ်းစားဖြစ်ခဲ့ကြပါ။ မိမိကိုယ်တိုင်က မပြောင်းလဲနိုင်လျှင် အရာရာကို ဘယ်လိုလုပ် ပြောင်းလဲနိုင်ပါ့မလဲ။

သို့ဖြစ်၍ အခြေအနေအတော်များများတွင် မိမိကိုယ်ကို ပြောင်းလဲခြင်းက ပထမ၊ အရာရာကို ပြောင်းလဲစေခြင်းက ဒုတိယဟု ဆိုရမည်။ ဤစာအုပ်တွင် မိမိကိုယ်ကို ပြောင်းလဲခြင်းဖြင့် တိုးတက်စေနိုင်သည့် အခြေခံသဘောတရားများကို အကျယ်တဝင့် ဆွေးနွေးတင်ပြထားသည်။ လောကကြီးတွင် အောင်မြင်သောလူတို့နှင့် မအောင်မြင်သော လူတို့အကြား ကွာခြားချက်သည် ဘာမျှ မည်မည်ရရမရှိပါ။ မိမိတွင်ရှိသော အလားအလာအတိုင်း ဆုံးခန်းတိုင်ရောက်အောင်သွားလိုသောဆန္ဒ ရှိခြင်း၊ မရှိခြင်း အပေါ်မှာသာတည်သည်။ ထို့ကြောင့် လူတစ်ယောက်၏ အောင်မြင်တိုးတက်မှုသည် ထိုလူ၏ ရွေးချယ်မှုတစ်ခုသာဖြစ်သည်။ သင်ကိုယ်တိုင် မှန်ကန်သော ရွေးချယ်မှုကို ပြုလုပ်လိုသည်ဆိုလျှင် ဆရာမင်းဗထူးဘာသာပြန်သော ဖော်ပြပါ စာအုပ်ကို ဖတ်ရှုခြင်းဖြင့် သင့်မှာ မည်သို့သော အလားအလာများရှိသည်ကိုလည်းကောင်း၊ ထိုအလားအလာအတိုင်း အထွတ်အထိပ်သို့ရောက်အောင် သွားနိုင်မည့် လမ်းကြောင်းကိုလည်းကောင်း ထင်ရှားပြတ်သားစွာတွေ့မြင်လာရမည်ဖြစ်ကြောင်း စာရေးသူကဆိုထားသည်။ "ပြောင်းလဲခြင်းဖြင့်တိုးတက်စေ" စာအုပ်ကို တူဒေးစာအုပ်တိုက်မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၂၀၀၀ဖြစ်ကြောင်း သိရှိရသည်။**(အပေါ်ပုံ)** (သတင်းစဉ်)

MYANMAR ICT EXHIBITION 2010
မြန်မာ့သတင်းအချက်အလက်နှင့်နည်းပညာပြပွဲ –၂၀၁၀
29-31'Oct
တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်။
MCIA
Myanmar Computer Industry Association
MCF
Myanmar Computer Federation
MCPA
Myanmar Computer Professional Association

ဘဝအရေးကို မှန်ကန်သော ရွေးချယ်မှုအတွက်
ကံ့ကော်ရိပ်
နည်းပညာတက္ကသိုလ် (B.E)
အနီးကပ် တန်းခွဲသစ်
November 1 ရက်နေ့စမည်
November 1 to 9 (9 Days)
9:30 Am to 3:30 PM
သင်တန်းကြေး - 25000Ks(Eng,Maths)
ဝင်ခွင့်ရသင်တန်းများ



Love Hair Studio
65% OFF
Super Promotion
ဆံပင်ဖြောင့် = 30000 Ks 10000 Ks
01-380301

အလှကြိုက်သူများအတွက်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတစ်ဝန်း ပွင့်လန်းဝေဖြာလာသည့် လမ်း၊ တံတားကွန်ရက်များ

ဓာတ်ပုံမှတ်တမ်း - ကြေးမုံ

သတင်းဆောင်းပါး - အာကာဟိန်း

ရုပ်မြင်သံကြားနဲ့သတင်းစာတွေမှာ အခုရက်ပိုင်းအတွင်း ထုတ်လွှင့်ဖော်ပြသွားခဲ့တဲ့ လမ်း၊ တံတား တည်ဆောက်နေမှု သတင်းနဲ့ သတင်းဓာတ်ပုံတွေကိုကြည့်ရင်း နိုင်ငံတော်အနေနဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေကို အချိန်ပြည့် ကြိုးပမ်းနေပါလားဆိုတာကို မြင်တွေ့သိရှိခဲ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ လမ်း၊ တံတား တည်ဆောက်မှုကိုကြည့်ရင် ၁၉၈၈ခုနှစ်မတိုင်မီက ဧရာဝတီတိုင်းဒေသကြီးမှ ရခိုင်ပြည်နယ်သို့သွားရန် မလွယ်ကူပါဘူး။ မြစ်ချောင်း၊ တောင်ကုန်းတောင်တန်းများ ထူပြောခဲ့လို့လမ်းခရီးမှာ သုံးလေးရက် ကြာမြင့်ခဲ့ရပါတယ်။ အဲဒီအချိန်ကာလမှာ တစ်နိုင်ငံလုံး ကတ္တရာလမ်း၊ ကျောက်ခင်းလမ်းနဲ့ မြေသားလမ်း စုစုပေါင်းလမ်းမိုင်အရှည် ၂၀၀၀၀ ကျော်သာရှိခဲ့ပြီး ပေ ၁၈၀အထက် တံတား ၁၉၈ စင်းနဲ့ ပေ ၁၈၀ အောက် တံတား ၃၃၀၅စင်းသာ တည်ဆောက်နိုင်ခဲ့ပါတယ်။ ဒီနေ့ခေတ်မှာတော့ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်မှုက အံ့သြစရာကောင်းလောက်အောင် ဖြစ်ထွန်းလာပါတယ်။ ကျယ်ဝန်းပြီး ညီညာပြန့်ပြူးစွာ ခင်းပေးထားတဲ့ ခြောက်လမ်းသွား၊ လေးလမ်းသွား လမ်းမကြီးများက ထီးထီးမားမား ထွက်ပေါ်လာသလို မန္တလေး-မြစ်ကြီးနား၊ မန္တလေး-ဗန်းမော်၊ မြစ်ကြီးနား-ပူတာအို၊ ဘားအံ-ဇာသပြင်-မော်လမြိုင်၊ တောင်ကြီး-ရွာငံ-ဟံမြင့်မိုရ်၊ **စာမျက်နှာ ၆ ကော်လံ ၁ သို့** ■

ယနေ့ ကြေးမုံ The Mirror

ဆောင်းပါး၊ ကာတွန်း၊ ကဗျာ အညွှန်း

မဲပေးရမယ့်နေ့က နီးသည်ထက်နီးလာပါပြီ။ ကျွန်တော်တို့လိုလားတောင့်တခဲ့ရတဲ့ ဒီမိုကရေစီပန်းတိုင်ကလည်း လှမ်းကိုင်လို့တောင် ရနိုင်လောက်အောင် လက်တစ်ကမ်းကိုရောက်နေပါပြီ။ ဒီတော့ ဒီမိုကရေစီနဲ့ ထိုက်တန်တဲ့ နိုင်ငံသားများဖြစ်ကြောင်း တာဝန်သိသိ မဲပေးရင်း ကမ္ဘာသိ ပြသကြရမှာပဲဖြစ် . . .

ကျော်မင်းလူ (ရွှေပြည်သာ)၏ "မှန်ကန်သည့်ဆန္ဒမဲပေးရွေးချယ်မှုဖြင့် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ကြပါစေ"
(ဆောင်းပါး) စာမျက်နှာ - (၈၊ ၉) »

ကျော်သူဟိန်း၏ "သုံးသပ်၊ ဆုံးဖြတ်၊ ရွေးချယ်ကြ" (ကာတွန်း)
စာမျက်နှာ - (၈၊ ၉) »

**ဒီမိုကရေစီ၊ စနစ်ညီသည့်
ရွှေပြည်ရည်မျှော်၊ နိုင်ငံတော်ကား
ပုံပေါ်တော့မည်၊ မကြာပြီတည့်
မြန်ပြည်မွေးဖွား၊ မြန်ပြည်သားတို့
တို့များရှေ့ရေး၊ ကိုယ်တိုင်ရွေးကာ
မဲပေးဂုဏ်ယူကြပါစို့. . .။**

အောင်ခန့်မင်း၏ "မဲပေးဂုဏ်ယူကြပါစို့" (ကဗျာ)
စာမျက်နှာ - (၉) »